# ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့၌ နေပြည်တော်ရှိ Horizon Lake View ဟိုတယ်တွင် ကျင်းပခဲ့သည့် (၂၃) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့အစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

(၂၃) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့အစည်းအဝေးအား အောက်ပါ ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့သည် -

- နိုင်ငံတကာ EITI ညှိနှိုင်းရေးမှူးရုံးမှ မြန်မာနိုင်ငံ၏ လက်ရှိ Validation အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရန်
- ၂၀၁၉ EITI စံနှုန်း၊ စာချုပ်စာတမ်းများ ပွင့်လင်း မြင်သာမှု၊ Project-level Reporting အား ရှင်းလင်းတင်ပြရန်
- ရှေ့မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များနှင့် စွမ်းရည်မြှင့်တင်ခြင်းများတွင် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ ရှေ့ဆက်ပံ့ပိုးနိုင်မှုများအား ရှင်းလင်းတင်ပြရန်
- အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းစဉ် (Beneficial Ownership – BO) ၏ နောက်ဆုံးအခြေ အနေများဖြစ်သည့် နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာ အခြေ အနေ၊ သက်ဆိုင်ရာအစိုးရဌာနများနှင့် တွေ့ဆုံမှုများ၊ (၆) ကြိမ်မြောက် BO Task Force အစည်း အဝေး မှ ဆုံးဖြတ်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် အလုပ်ရုံဆွေးနွေးပွဲ များ၊ BO Template နှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်း တင်ပြရန်
- MEITI Work Plan Review Workshop ရလဒ်နှင့် MEITI Work Plan (မူကြမ်း) ၊ ရေရှည်လုပ်ငန်းအစီအစဥ် Grant Cost Extension အားရှင်းလင်းတင်ပြရန်
- MEITI Work Plan တွင်ထည့်သွင်းထားသည့် Validation လုပ်ငန်းစဉ်မှ ပြင်ဆင်ဆောင်ရွက် ရမည့် Corrective Action များအား ရှင်းလင်းတင်ပြရန်
- နောင် MEITI အစီရင်ခံစာများနှင့်ပတ်သက်သည့် အခြေ အနေများဖြစ်သည့် (၅) ကြိမ်မြောက် MEITI အစီရင်ခံစာ ပြုစုမည့် Independent Administrator (IA) ငှားရမ်းခြင်း အခြေအနေ၊ (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက် အစီရင်ခံစာများ တင်သွင်းရမည့် အချိန်ကာလများအား ရှင်းလင်းတင်ပြရန်
- (၄) ကြိမ်မြောက် MEITI အစီရင်ခံစာ ထုတ်ပြန် ခြင်းအခမ်းအနားအစီအစဉ်အား ရှင်းလင်း တင်ပြခြင်း

- Exposure to Mining Decentralization Indonesia Trip အတွေ့အကြုံများအား ရှင်းလင်းတင်ပြရန် အပါအဝင် အထွေထွေကိစ္စရပ်များအား ဆွေးနွေးရန်

အစည်းအဝေးအစီအစဉ်အား နောက်ဆက်တွဲ (၁) တွင် ပူးတွဲ ဖော်ပြအပ်ပါသည်။

## ၂။ အစည်းအဝေးတက်ရောက်သူစာရင်း

အစည်းအဝေးသို့ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစိုးရကိုယ်စားလှယ် (၇) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၅) ဦး၊ အရပ်ဘက်ကိုယ်စားလှယ် (၅) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်း၊ နိုင်ငံတကာ EITI အတွင်းရေးမှူးမှ အမှုဆောင်ဒါရိုက်တာ Mark Robinson ၊ အာရှတာဝန်ခံ Ms. Gay Ordenes ၊ မြန်မာနိုင်ငံ တာဝန်ခံ Ms. Annie Magnus ၊ Beneficial Ownership Consultant Mr. Matthieu Salomon ၊ တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNUs) မှ ကိုယ်စားလှယ် (၈) ဦး၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ အစည်းများမှ လေ့လာသူ (၁၂) ဦး၊ MOBD နှင့် ဌာန ဆိုင်ရာများမှ တာဝန်ရှိသူများ (၁၁) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ (၁၄) ဦး၊ စုစုပေါင်း (၆၈) ဦး (ကျား -၄၆ ဦး၊ မ - ၂၂ ဦး) တက်ရောက်ခဲ့သည်။ တက်ရောက်သူစာရင်းအသေးစိတ်အား နောက်ဆက်တွဲ (၂) တွင် ပူးတွဲ ဖော်ပြအပ်ပါသည်။

## ၃။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းမှ အဖွင့်အမှာစကားပြောကြားခြင်း

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ (၂၃) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်လတ်ကြီး၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်များ၊ ညှိနှိုင်းရေးတာဝန်ခံ ဦးစိုးဝင်း၊ အထူးဧည့်သည်တော်များ ဖြစ်ကြသည့် နိုင်ငံတကာ အတွင်းရေးမှူးရုံးမှ အမှုဆောင်ဒါရိုက်တာ Mark Robison ၊ အာရှတာဝန်ခံ Ms. Gay Ordenes ၊ မြန်မာနိုင်ငံတာဝန်ခံ Ms. Annie Magnus တို့အား မင်္ဂလာနံနက်ခင်းပါ ဟု နှုတ်ခွန်းဆက်ပါကြောင်း၊ ပြီးခဲ့သည့် ၁၂-၈-၂၀၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီ အစည်းအဝေးတွင်လည်း နိုင်ငံတကာ အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်၍ EITI Standard

အပြောင်းအလဲများနှင့် Validation အခြေအနေများအား မျှဝေရှင်းလင်း ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အခုချိန်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် EITI နောက်ဆက်တွဲ အစီရင်ခံစာအား ၁၂-၇-၂၀၁၉ ရက်နေ့က ကျင်းပခဲ့သည့် (၂၂) ကြိမ်မြောက်အစည်းအဝေးတွင် အတည်ပြုထားခဲ့ကြောင်း၊ အဆိုပါအစီရင်ခံစာကိုလည်း နိုင်ငံတကာအတွင်းရေးမှူးရုံးသို့ ဆက်လက်ပေးပို့တင်ပြမည်ဖြစ်ပါကြောင်း၊ MEITI Website တွင်လည်း တင်ထားပြီးဖြစ်ပါကြောင်း၊

ပဉ္စမအကြိမ်မြောက် အစီရင်ခံစာအတွက်လည်း Independent Administrator (IA) ရွေးချယ်ရာ၌ ပဏာမရွေးချယ်ခံရသည့် အဖွဲ့ထံမှ နည်းပညာနှင့် ဘဏ္ဍာရေးအဆိုပြုလွှာတောင်းခံထားပြီး ယနေ့သည် နောက်ဆုံးရက်ဖြစ်ပါ ကြောင်း၊ အစီရင်ခံစာပြုစုသည့်အချိန်အရ ယခင်နှစ်များကဲ့သို့ နောက်ကျနေကြောင်း၊ ထို့အတွက် မြန်မြန်ဆောင်ရွက်နိုင်ရန် တွန်းအားပေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ IA အနေဖြင့် အစီရင်ခံစာပြုစုသည့် လုပ်ငန်းစဉ်တွင် သက်ဆိုင်ရာဌာနများထံမှ ကိန်းဂဏန်းအချက်အလက်များတောင်းခံမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက အချိန်မီ ပေးနိုင်ရန် ပြင်ဆင်ထားကြရန် တိုက်တွန်းပါကြောင်း၊

IA သည်လည်း လုပ်ငန်းနယ်ပယ်သည် များပြားသဖြင့် လုပ်ငန်းနယ်ပယ်သတ်မှတ်သည့်အခါ ကျစ်ကျစ်လျစ်လျစ်ဖြင့် ဆောင်ရွက်နိုင်ပါက အစီရင်ခံစာအား အချိန်မီတင်သွင်းရန် ဆောင်ရွက်သည့်အခါ နှောင့်နှေးမှုလျော့နည်းမည်ဖြစ်ကြောင်း၊ အရေးကြီးသည့်အချက်အနေဖြင့် Implementation Structure နှင့်ပတ်သက်၍ သင့်တော်သည့်ပုံစံရောက်အောင် ဖော်ထုတ်ဖို့လိုအပ်ကြောင်း၊ ပြီးခဲ့သည့် ကာလတွင် Ms. Emma Irwin ၏ အစီရင်ခံစာမှ အကြံပြုထားသည်များရှိကြောင်း၊ ထိုအချက်များအပေါ်အခြေခံ၍ ရေရှည်အတွက် အဆင်ပြေမည့်ပုံစံအား ရေးဆွဲ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး Multi-stakeholder Group (MSG) သည်လည်း ပိုမိုအားကောင်းသည့် စုဖွဲ့မှုမျိုးဖြစ်ရန်နှင့် Secretariat သည်လည်း ရေရှည် ဘတ်ဂျက်နှင့်အကောင်အထည်ဖော်ရန်အဆင်ပြေသည့်ပုံစံဖြစ်ရန်လိုအပ်ကြောင်း၊ International secretariat ကလည်း အဆိုပါပြုပြင်ပြောင်းလဲမည့် Structure များအတွက် လိုအပ်သည့် အထောက်အပံ့များပေးမည်ဟုလည်း ပြောကြားထားကြောင်း၊

Beneficial Ownership သည်လည်း EITI လုပ်ငန်းစဉ်၏ မရှိမဖြစ်လိုအပ်သည့်အချက်ဖြစ်ကြောင်း၊ ထို့အတွက်လည်း DICA နှင့် NCS တို့မှ ပူးပေါင်းဆောင်ရွက်နေကြကြောင်း၊ ၁၃-၈-၂၀၁၉ ရက်နေ့တွင် လည်း ဆဋ္ဌမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပခဲ့ကြောင်း၊ ၁၆-၈-၂၀၁၉ ရက်နေ့တွင်လည်း Beneficial Ownership Awareness Raising Workshop ကိုလည်း ကျင်းပရန် ပြင်ဆင်ထားကြောင်း၊ နိုင်ငံတကာ အတွင်းရေးမှူးရုံးအနေဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်တွင် သက်ဆိုင်ရာ Stakeholder များနှင့်တွေ့ဆုံ၍ EITI Progress များကို လေ့လာသွားမည်ဖြစ်ကြောင်း၊

Validation Result နှင့်ပတ်သက်၍ လာမည့် အောက်တိုဘာလတွင် ကျင်းပမည့် EITI Board အဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဆွေးနွေးဆုံးဖြတ်ရန် ရှိသည်ဟု သိရကြောင်း၊ နိုင်ငံတကာအတွင်းရေးမှူးရုံးမှ ရှင်းလင်းတင်ပြသည့်အခါတွင်လည်းပါဝင်မည်ဖြစ်ပြီး အဖွဲ့ဝင်များက သိလိုသည်များရှိသည်က မေးမြန်းနိုင်ကြောင်း၊ 2019 EITI Standard ကိုလည်း ပြီးခဲ့သည့် 2019 EITI Global Conference တွင် အတည်ပြုခဲ့သည်ဟု သိရှိထားကြောင်း၊ 2019 EITI Standard ၏ အချက်အလက်အသစ်များကိုလည်း နိုင်ငံတကာအတွင်းရေးမှူးရုံးမှ ရှင်းလင်းသည့်အခါ၌ ပါဝင်မည်ဖြစ်ကြောင်း၊

နိဂုံးချုပ်အနေဖြင့် Validation အစီရင်ခံစာတွင်ပါဝင်သည့်မှတ်ချက်များအား သတ်မှတ်ချိန်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပဥ္စမအကြိမ်အစီရင်ခံစာအား အချိန်မီထုတ်ပြန်နိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်သလို ဆက်လက်ဆောင်ရွက်ရမည် EITI လုပ်ငန်းစဉ်များအား သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆက်လက်အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ခဲ့သည်။

## ၄။ International EITI အမှုဆောင်ဒါရိုက်တာ Mr. Mark Robison မှ နှုတ်ခွန်းဆက်စကားပြောကြားခြင်း

Mr. Mark Robison မှ နှုတ်ခွန်းဆက်စကားပြောကြားရာ၌ (၂၃) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးသို့ ပါဝင်တက်ရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ညှိနှိုင်းရေးမှူး ဦးစိုးဝင်း၊ ကိုယ်စားလှယ်များအားလုံးနှင့် တက်ရောက်သူများအား နှုတ်ခွန်းဆက်ပါကြောင်း၊ ယနေ့အစည်းအဝေး၌ EITI Standard Up to date အပြောင်းအလဲများ၊ အနှစ်သာရများ၊ Validation လုပ်ငန်းစဉ် အခြေအနေများအား ရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း၊ EITI ၌ ကဏ္ဍစုံမှ ကိုယ်စားပြုသူများ ပါဝင်သည့်အတွက် စိတ်ကျေနပ်စရာကောင်းကြောင်း၊ မြန်မာနိုင်ငံ၌ ယခုထက်ပိုမိုအားကောင်းသည့် Implementation Structure အား ပြင်ဆင်ဖွဲ့စည်းနိုင်မည်ဆိုပါက တွင်းထွက်သယံဇာတကဏ္ဍ စီမံခန့်ခွဲမှုအတွက် ပိုမိုဂုဏ်ယူဝမ်းမြောက်မိမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ခရီးစဉ်အဓိက ရည်ရွယ်ချက် (၂) ခုရှိပြီး ပထမအချက်အနေဖြင့် Beneficial Ownership Transparency အတွက် အတွေ့အကြုံများနှင့် နည်းပညာဆိုင်ရာလိုအပ်ချက်များအား မျှဝေရန် နှင့် ဒုတိယအချက်အနေဖြင့် Validation လုပ်ငန်းစဉ် နှင့် EITI လုပ်ငန်းစဉ် အကောင်အထည်ဖော်ရာတွင် လိုအပ်မည့် နည်းပညာပံ့ပိုးမှုများအား ဆောင်ရွက်နိုင်ရန် တို့ဖြစ်ပါကြောင်း၊ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့်တွေ့ဆုံခဲ့ပြီး အခြားသော ဆက်စပ်ဌာနများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း၊ EITI

လုပ်ငန်းစဉ်အကောင်အထည်ဖော်နေစဉ်အတွင်း မည်မျှ အောင်မြင်မှုများ ရရှိခဲ့သည်ကို ဂုဏ်ယူ အသိအမှတ်ပြုရမည်ဖြစ်ပါကြောင်း၊ Validation နှင့် ပတ်သက်၍ EITI စံနှုန်းအား မည်မျှအကောင် အထည်ဖော်နိုင်သည်ကို တိုင်းတာခြင်းဖြစ်ကြောင်း၊ ကနဦးဆန်းစစ်သည့် အစီရင်ခံစာတွင် ရလဒ်များကို သိရှိထားပြီးဖြစ်ကြောင်း၊ အချို့အချက်များသည် စိတ်ကျေနပ်ဖွယ် တိုးတက်မှုကို ရရှိထားပြီး အချို့ အချက်များသည် အဓိပ္ပယ်ရှိသော တိုးတက်မှုများ ရရှိထားကြောင်း၊ ပြန်လည်ပြင်ဆင်ရ မည့်အချက် များလည်းရှိကြောင်း၊ အကဲဖြတ်သုံးသပ်မှုမပြုသည့် အချက်များလည်း ပါဝင်ကြောင်း၊ နောက်တစ်ခါ Validation လုပ်ငန်းတွင် အဆိုပါ အချက်များ ပါဝင်လာမည်ဖြစ်ကြောင်း၊ ဘုတ်အဖွဲ့ အသစ်မှ လုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဘုတ်ဥက္ကဋ္ဌအသစ်သည်လည်း စိတ်အားထက်သန်မှုရှိသူ တစ်ဦးဖြစ်ပြီး ဦးဆောင်အကောင်အထည်ဖော်လိမ့်မည်ဖြစ်ပါကြောင်း၊ Validation ကော်မတီမှ ဆက်လက်ဆွေးနွေးကြမည်ဖြစ်ပြီး ယခင်ကနဦးအစီရင်ခံစာအပေါ်တွင် အခြေခံ၍ ဆွေးနွေးကြမည် ဖြစ်ကြောင်း၊ အချက်တစ်ချက်တည်းကိုဘဲ အခြေခံ၍ စဉ်းစားမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံ အတွက် မည်သို့သော ရလဒ်ထွက်ပေါ်စေကာမူ မြန်မာနိုင်ငံသည် EITI အကောင်အထည် ဖော်နေသည့် နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ကို ပြောကြားလိုကြောင်း၊ ရလဒ်အနေဖြင့် အများကြီး ကွာခြားလိမ့်မည် မဟုတ်ကြောင်း နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

## ၅။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းမှ အမှာစကားပြောကြားခြင်း

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းမှ အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပပြုလုပ်သည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သို့ တက်ရောက်လာကြသည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးခင်လတ်ကြီး၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကိုယ်စားလှယ် များ၊ BO Task Force မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များဖြစ်သည့် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ အမှုဆောင်ဒါရိုက်တာ Mark Robison ၊ အာရှဒါရိုက်တာ Ms. Gay Ordenes နှင့် Country Officer Ms. Annie Magnus တို့အား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါကြောင်း၊ မြန်မာနိုင်ငံသို့ အထူးတလည် လာရောက် ခဲ့သည့် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ ဧည့်သည်တော်များအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ NRGI ၊ World Bank နှင့် MOBD မှ မိသားစုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊

Validation လုပ်ငန်းစဉ် နောက်ဆုံးအခြေအနေများ၊ ယနေ့အစည်းအဝေး၌ Validation လုပ်ငန်းစဉ်အရ ဆက်လက်ဆောင်ရွက်ရမည့် Corrective Action များ၊ ၂၀၁၉ စံနှုန်းအသစ်အရ ပါဝင်လာသည့် စံနှုန်းသတ်မှတ်ချက်များ၊ Systematic Disclosure ၊ Contract Transparency ၊ Project Level

Reporting နှင့် Beneficial Ownership လုပ်ငန်း စဉ်များအား ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆွေးနွေးသည့်အခါ ကိုယ်စားလှယ်များအနေဖြင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း၊ နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ အမှုဆောင်ဒါရိုက်တာ Mark Robison ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ EITI ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ရာ တက်ကြွစွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုထားပါကြောင်း၊ BO လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး Ms. Gay နှင့် NRGI မှ Mr. Matthieu တို့သည် ပြီးခဲ့သည့်အပတ်အတွင်း သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်တွေ့ဆုံခဲ့ကြောင်း၊ BO Timeline နှင့်ပတ်သက်ပြီး Computerize System ဖြင့် ဖြည့်သွင်းနိုင်ရန်အတွက် NRGI နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ကုမ္ပဏီများအား BO Awareness လုပ်ငန်းစဉ်များ ဆောင်ရွက်ရင်းဖြင့် လာမည့်အပတ်အတွင်း ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများအား ရန်ကုန်နှင့်မန္တလေးတို့တွင် သင်တန်းများ ပြုလုပ်ပေးမည်ဖြစ်ပါကြောင်း၊

BO လုပ်ငန်းစဉ်များ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မှတ်ချက်နှင့်သဘောထားများအား MOPF မှ တစ်ဆင့် စီးပွားရေးကော်မတီထံသို့ အဆင့်ဆင့် တင်ပြထားကြောင်း၊ စက်တင်ဘာလကုန်တွင် Notification ထုတ်ပြန်နိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ ယနေ့အစည်းအဝေး၌ Report on MEITI Work Plan နှင့်ပတ်သက်၍ တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် EITI လုပ်ငန်းစဉ်ကြောင့် သယံဇာတကဏ္ဍ မှ အခွန်ဘဏ္ဍာငွေများ၊ အခွန်ကောက်ခံမှုများနှင့်စီမံခန့်ခွဲမှုများ ပိုမိုပွင့်လင်းလာစေပြီး ပြည်သူ့ဆိုင်ရာ ဘဏ္ဍာငွေစီမံခန့်ခွဲမှုများ ဆောင်ရွက်လာကြပြီး လူမှုစီးပွားရေးလုပ်ငန်းများ ပိုမိုဆောင်ရွက် လာကြမည် ဖြစ်ပါကြောင်း၊ ယခုနှစ် EITI အစီရင်ခံစာပြုစုရာတွင် IA ငှားရမ်းရာ၌ အကြောင်းကြောင်းကြောင့် နှောင့် နှေးကြန့်ကြာခဲ့ပါကြောင်း၊ (၁၃) ရက်နေ့တွင် ကျင်းပခဲ့သည့်လုပ်ငန်းကော်မတီအစည်းအဝေး၌ ဥက္ကဋ္ဌမှ တင်ပြဆွေးနွေးခဲ့သလို Scope of Work အား ချဲ့ထွင်မည့်အစား EITI Standard 2019 အား တတ်နိုင်သမျှ ပြည့်မီစေရန် ကြိုးပမ်းသင့်ကြောင်း၊ Corrective Actions (၁၂) ချက်ကို ပြည့်မီစေရန်အတွက် MSG ကိုယ်စားလှယ်များက တွန်းအားပေးစေလိုပါကြောင်း၊ EITI လုပ်ငန်းစဉ်သည် သယံဇာတစီမံခန့်ခွဲမှုအား ပိုမိုအားကောင်းစေပြီး MSG ကိုယ်စားလှယ်များအနေဖြင့် နှစ်ပေါင်းများစွာ ဝိုင်းဝန်းဆောင်ရွက်ခဲ့သည်ကို ထောက်ထား၍ မတူညီသည့်အမြင်များကို ချပြဆွေးနွေးကာ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ ဂုဏ်သိက္ခာအား ဦးတည်ကာ သက်သေပြကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် နိုင်ငံတကာ EITI ညှိနှိုင်းရေးမှူးရုံးအဖွဲ့မှ ဦးဆောင်သူ Executive Director Mr. Mark Robison ၊ Asia Pacific Director Ms. Gay Ordenes နှင့် Country Officer Ms. Annie Magnus ကိုယ်စားလှယ်အဖွဲ့၊ NRGI အဖွဲ့မှ ဦးဆောင်သည့် Mr. Matthieu Salomon နှင့်အဖွဲ့၊ MOBD မှတာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်၊ DFID ၊

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

DFAT မှ တာဝန်ရှိသူများ၊ MSG ကိုယ်စားလှယ်အားလုံး၊ မိတ်ဖက်အဖွဲ့များအားလုံးနှင့် လေ့လာသူများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်းပြောကြားရင်း အမှာစကားပြောကြားခဲ့သည်။

## ၆။ နိုင်ငံတကာ EITI ညှိနှိုင်းရေးမှူးရုံးမှ အာရှပစိဖိတ်ဒါရိုက်တာ Ms. Gay Ordenes မှ Validation လုပ်ငန်းစဉ်များအကြောင်းတင်ပြခြင်း

၁။ Ms. Gay Ordenes မှ ဆွေးနွေးတင်ပြရာ၌ Myanmar Validation Process အား ရှင်းလင်းတင်ပြခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခုအစည်းအဝေးအတွင်း အချို့သော Stakehoders များနှင့်လည်း တွေ့ဆုံပြီးဖြစ်၍ ၎င်းတို့သည်လည်း သိသင့်သလောက် သိထားပြီးဖြစ်ကြောင်း၊ validation ရလဒ်များအနေဖြင့် ကျေနပ်ဖွယ်တိုးတက်မှု “Satisfactory Progress” ၊ အဓိပ္ပယ်ရှိသောတိုးတက်မှု “Meaningful progress” ၊ မလုံလောက်သော တိုးတက်မှု “Inadequate Progress” နှင့် တိုးတက်မှုမရှိ “No Progress” ဟူ၍ ရှိကြောင်း၊ လိုအပ်ချက်တစ်ခုချင်းစီအလိုက် အဆိုပါရလဒ်များအား ရလဒ်ဇယားတွင် အရောင်ဖြင့်ခွဲခြားသတ်မှတ်သကဲ့သို့ အားလုံးအပေါ်အခြေခံ၍ ရလဒ်တစ်ခုတည်းသတ်မှတ်ကြောင်း၊ EITI လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ရာတွင် မည်မျှအား သာချက်များရှိပြီး တစ်သမတ်တည်း အကောင်အထည်ဖော်နိုင်မှုရှိ၊ မရှိ နှင့် စံနှုန်းလိုအပ်ချက်များအား မည်သည့်အတိုင်းအတာအထိ အကောင်အထည်ဖော်နိုင်သည်ကို validation မှ သတ်မှတ်ခြင်းဖြစ်ကြောင်း၊ လိုအပ်သည့်အတိုင်းအတာမရောက်ပါက အဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဆိုင်းငံ့ခံရခြင်းများ ရှိကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

၂။ မြန်မာနိုင်ငံ၏ validation အခြေအနေအား Validation committee က ပဲရစ်နှင့် ကိဗ်မြို့တို့တွင် ကျင်းပခဲ့သည် ဘုတ်အစည်းအဝေးတို့မတိုင်ခင် ဆွေးနွေးခဲ့ကြောင်း၊ ဘုတ်အဖွဲ့အနေဖြင့် ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ပဲရစ်မြို့၌ ပြုလုပ်ခဲ့သည့်အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ validation ကိစ္စအား ဆွေးနွေးခဲ့ သော်လည်း ဆုံးဖြတ်ချက်မချနိုင်ခဲ့ကြောင်း၊ validation committee မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ အတွင်း၌ မြန်မာနိုင်ငံ၏ validation အား ထပ်မံဆွေးနွေးကြမည်ဖြစ်ကြောင်း၊ အဆိုပါကော်မတီအနေ ဖြင့် အကြံပြုမှတ်ချက်တစ်ခုအပေါ် ဘုံသဘောတူညီမှုရရှိခဲ့လျှင် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ ကျင်းပရန်စီစဉ်ထားသည့် ဘုတ်အဖွဲ့အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် တင်ပြမည် ဖြစ်ကြောင်း တင်ပြခဲ့သည်။

၃။ ပဲရစ်တွင် ပြုလုပ်ခဲ့သည့်ဘုတ်အစည်းအဝေး၌ မြန်မာနိုင်ငံ EITI ၏ သက်ရောက်မှုများအား အသိအမှတ်ပြုထားကြောင်း၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ အားကောင်းလာစေသည့် အချက်များ အဖြစ် Mining Cadaster System ၊ IRD ၏ ဒီဂျစ်တယ်အခွန်ကောက်ခံမှုစနစ်၊ ကျောက်မျက်မူဝါဒနှင့်

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း တို့ပါဝင်ကြောင်း၊ ကဏ္ဍစုံအဖွဲ့အစည်းများနှင့် စေ့စပ်ညှိနှိုင်းမှုများ၊ ပွင့်လင်းမြင်သာမှုများ တိုးတက်လာခြင်း၊ တွင်းထွက်ကဏ္ဍ၌ ပြင်သူနားလည်စေရန် တိုးတက်လုပ်ဆောင်ခြင်းတို့ပါဝင်ကြောင်း တင်ပြခဲ့သည်။

၄။ လက်ရှိအမှတ်ပေးရလဒ်များနှင့်ပတ်သက်၍ ကျေနပ်ဖွယ်တိုးတက်မှု ၁၅ ချက်၊ အဓိပ္ပာယ်ရှိသောတိုးတက်မှု ၈ ချက်၊ မလုံလောက်သောတိုးတက်မှု ၃ ချက် နှင့် ၁.၃ အတွက် ဆွေးနွေးဆဲဖြစ်ကြောင်း၊ အဆိုပါအချက်များ၏ စုစုပေါင်းတိုးတက်မှုအပေါ် ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ **ကျေနပ်ဖွယ်တိုးတက်မှုများ** တွင် စံနှုန်း ၁.၁ government oversight of the EITI Process ၊ စံနှုန်း ၁.၄ MSG Governance and Functioning ၊ စံနှုန်း ၁.၅ Work Plan ၊ စံနှုန်း ၂.၁ Legal framework ၊ စံနှုန်း ၂.၄ Contract Disclosures ၊ စံနှုန်း ၃.၁ Overview of the extractive sector, including exploration activities ၊ စံနှုန်း ၄.၁ Comprehensiveness ၊ စံနှုန်း၊ ၄.၄ Transport revenues ၊ စံနှုန်း ၄.၇ level of disaggregation ၊ စံနှုန်း ၄.၈ Data timeliness ၊ စံနှုန်း ၄.၉ Data quality ၊ စံနှုန်း ၆.၃ Contribution of the extractive sector to the economy ၊ စံနှုန်း ၇.၁ Public Debate ၊ စံနှုန်း ၇.၃ Lessons learned and follow up on recommendations နှင့် စံနှုန်း ၇.၄ Outcomes and impact of implementation တို့ဖြစ်ကြောင်း၊ သို့သော် **အချို့အကြံပြုချက်များအဖြစ် MSG အစည်းအဝေးများတွင် အစိုးရအရာရှိ အကြီးအကဲများ ပိုမိုပါဝင်လာရန်လိုအပ်ခြင်း၊ ကဏ္ဍအလိုက် MSG ကိုယ်စားလှယ်ပြောင်းလဲခြင်းနှင့် ရွေးချယ်ခြင်း လုပ်ဆောင်ပုံနည်းလမ်းများ ရှင်းလင်းစွာသတ်မှတ်ရန်လိုအပ်ခြင်း၊ အသင်းအဖွဲ့ကဏ္ဍများအကြား အဖွဲ့တွင်းအချင်းချင်းဆွေးနွေးမှုတိုးတက်ရန်လိုအပ်ခြင်း** စသည့် အကြံပြုချက်များလည်း ပေးထားကြောင်း၊ အဓိပ္ပာယ်ရှိသောတိုးတက်မှုတွင် စံနှုန်း ၁.၂ company engagement ၊ စံနှုန်း ၂.၂ license allocations ၊ စံနှုန်း ၂.၃ License registers ၊ စံနှုန်း ၂.၆ state-participation ၊ စံနှုန်း ၃.၂ Export data၊ စံနှုန်း ၄.၂ In-kind revenues နှင့် စံနှုန်း ၄.၅ Transactions between SOEs and government တို့ပါဝင်ကြောင်း၊ မလုံလောက်သောတိုးတက်မှုတွင် စံနှုန်း ၅.၁ Distribution of revenues ၊ စံနှုန်း ၆.၁ Social expenditures နှင့် စံနှုန်း ၆.၂ SOE quasi fiscal expenditures တို့ပါဝင်ကြောင်း၊ ရလဒ်ထွက်လာပြီးပါက အဓိပ္ပာယ်ရှိသောတိုးတက်မှုထဲမှ အချက်များနှင့် မလုံလောက်သောတိုးတက်မှုများအား ပိုမိုတိုးတက်လာစေရန် corrective actions များအဖြစ် သတ်မှတ်ကာလအတွင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

၅။ အရပ်ဘက်အဖွဲ့အစည်းနှင့်ပတ်သက်၍ စံနှုန်း ၁.၃ တွင် Civil Society Engagement အဖြစ်ပါဝင်ကြောင်း၊ ဘုတ်အဖွဲ့မှလက်ရှိဆွေးနွေးနေသည်မှာ civil society protocol အား မည်ကဲ့သို့အဓိပ္ပာယ်သတ်မှတ်မည်၊ EITI လုပ်ငန်းစဉ်နှင့် အခြားအကောင်အထည်ဖော်သည့်လုပ်ငန်းများအကြား မည်ကဲ့သို့ ချိတ်ဆက်မည်၊ EITI နိုင်ငံများအနက် Civil society protocol အဓိပ္ပာယ်သတ်မှတ်မှုအရ သတ်မှတ်နိုင်သည့်အဖွဲ့အစည်း စသဖြင့် ဆွေးနွေးနေကြကြောင်း၊ အခြား EITI နိုင်ငံများ၌လည်း

ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနေကြကြောင်း၊ Civil society protocol သည် EITI Standard ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာမှုအားကောင်းရန်အတွက် EITI လုပ်ငန်းစဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများတက်ကြွစွာပါဝင်ခြင်းသည့်အဓိကအချက်ဖြစ်ကြောင်း၊ EITI လုပ်ငန်းစဉ်တွင် CSP safeguards အနေဖြင့် အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များသည် လွတ်လပ်စွာ အကန့်အသတ်မရှိဘဲ ပါဝင်နိုင်ကြောင်း၊ EITI လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ EITI အဖွဲ့ဝင်နိုင်ငံဖြစ်ရေးကြိုးပမ်းမှုများ၊ MSG အစည်းအဝေးများ၊ EITI နှင့်စပ်လျဉ်းသည့် MSG ကိုယ်စားလှယ်များပါဝင်သည့် CSO အချင်းချင်းသီးသန့် ဆွေးနွေးမှုများ၊ EITI Report များပြုစုထုတ်ပြန်ခြင်း၊ EITI Report များအပေါ် ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ပညာပေးအထောက်အကူပြုပစ္စည်းများ ပြုစုထုတ်ဝေခြင်း၊ EITI Activities နှင့် စပ်လျဉ်းသည့် အမြင်များ ထုတ်ဖော်ခြင်း၊ သဘာဝသယံဇာတစီမံချုပ်မှုနှင့်စပ်လျဉ်းသည့် အမြင်များ ဖွင့်ဟခြင်း စသည်တို့ပါဝင်ကြောင်း၊ Protocol ရှုထောင့်အရ Expression ၊ Operation ၊ Association ၊ Engagement နှင့် Access to public decision-making တို့ပါဝင်ကြောင်း တင်ပြခဲ့သည်။ ဘုတ်အဖွဲ့အနေဖြင့် စံနှုန်းလိုအပ်ချက်အားလုံးအပေါ်အခြေခံ၍ ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ၁.၃ ၏ ရလဒ်အပြောင်းအလဲမည်သို့ပင်ဖြစ်စေကာမူ ပျမ်းမျှရလဒ်သည်ပြောင်းလဲမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဓိပ္ပာယ်ရှိသောတိုးတက်မှုသာ ရရှိမည်ဟုထင်မြင်ကြောင်းနှင့် EITI နိုင်ငံအဖြစ်ဆက်လက်ရှိနေမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

**၇။ ၂၀၁၉ EITI စံနှုန်းအသစ်များနှင့်ပတ်သက်၍ နိုင်ငံတကာ EITI အတွင်းရေးမှူးရုံး၏ country officer Ms. Annie Magnus မှ ရှင်းလင်းတင်ပြခြင်း**

၁။ Ms. Annie Magnus မှ တင်ပြရာ၌ ၂၀၁၉ EITI စံနှုန်းအား ၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့တွင် ပြုလုပ်ခဲ့သည့် EITI ဘုတ်အဖွဲ့ အစည်းအဝေး၌ အတည်ပြုခဲ့ပါကြောင်း၊ စံနှုန်းအသစ်များ သတ်သတ်မဟုတ်ဘဲ ယခင်ကတည်းက တိုက်တွန်းချက်များဖြစ်သည့် အကြောင်းအရာများ ပါဝင်ကြောင်း၊ လိုအပ်ချက်အသစ်များအနေဖြင့် ကျား၊ မ ရေးရာ Gender နှင့်စပ်လျဉ်း၍ စံနှုန်း ၁.၄ နှင့် စံနှုန်း ၆.၃ ၊ စာချုပ်စာတမ်း ပွင့်လင်းမြင်သာမှု နှင့်ပတ်သက်၍ စံနှုန်း ၂.၄ ၊ ကုန်ပစ္စည်းရောင်းချမှု Commodity Sales နှင့်ပတ်သက်၍ စံနှုန်း ၄.၂ ၊ ပတ်ဝန်းကျင်ရေးရာအစီရင်ခံခြင်း "Environmental Reporting" နှင့်ပတ်သက်၍ စံနှုန်း ၆.၁ စသဖြင့် ပါဝင်လာကြောင်း၊ အဆိုပါလိုအပ်ချက်များအား ယခင်က Gender နှင့်ပတ်သက်၍ စံနှုန်း ၄.၉ Reconciliation တွင်တိုက်တွန်းထားပြီး ယခုအသစ်စံနှုန်း၌လည်း လိုင်စင်ဆိုင်ရာပွင့်လင်းမြင်သာမှု "Licensing" စံနှုန်း ၂.၂ တွင်လည်း ထပ်မံထည့်သွင်း တိုက်တွန်းထားကြောင်း၊ စာချုပ်နှင့်ပတ်သက်၍ ယခင်က SOEs များနှင့်ပတ်သက်သည့် စံနှုန်း ၂.၆ နှင့် ၆.၂ တို့တွင် ထည့်သွင်းရှင်းလင်းထားပြီး နှစ်စဉ်တိုးတက်မှုအစီရင်ခံစာ စံနှုန်း ၇.၄ တွင်လည်း ထည့်သွင်း

တိုက်တွန်းထားပါကြောင်း၊ commodity sales နှင့်ပတ်သက်၍ ယခင်က Safeguard requirement အနေဖြင့် ၁.၃ တွင် ထည့်သွင်း မိတ်ဆက်ထားပြီး စီမံကိန်းအဆင့် အစီရင်ခံခြင်း "Project Level Reporting" စံနှုန်း ၄.၇ တွင်လည်း ရှင်းလင်းထားကြောင်း၊ ပတ်ဝန်းကျင်ရေးရာအစီရင်ခံခြင်း ၆.၁ နှင့်ပတ်သက်၍ Public Debate and open data စံနှုန်း ၇.၁ ၊ ၇.၂ တို့တွင် ထည့်သွင်း ရှင်းလင်းထားကြောင်း တင်ပြခဲ့သည်။

၂။ စံနှုန်းများနှင့်ပတ်သက်၍ MSG အား တင်ပြလိုသည်မှာ ပိုမို ပြုလွယ် ပြောင်းလွယ် အနေအထားဖြင့် မိတ်ဆက်စေချင်ကြောင်း၊ ဖွင့်ဟထုတ်ပြန်ရမည့်အချက် များကိုလည်း ထုတ်ပြန်နိုင်ရန် အားပေးရမည်ဖြစ်ပြီး နိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်များအား ထင်ဟတ်ရမည်ဖြစ်ကြောင်း၊ လိုက်နာရမည့် သူများအား ရှင်းလင်းလွယ်ကူစေရမည်ဖြစ်ပြီး အကောင်အထည်ဖော်သည့်နိုင်ငံများအတွက် လုပ်ထုံးလုပ်နည်းကောင်းများကိုလည်း ထင်ဟတ်ရမည်ဖြစ်ကြောင်း၊ ၂၀၁၉ စံနှုန်းအတည်မပြုခင်ကတည်းက မြန်မာနိုင်ငံ EITI အနေဖြင့် (၅) ကြိမ် မြောက်အစီရင်ခံစာအတွက် ToR အား အတည်ပြုပြီးဖြစ်သဖြင့် အဆိုပါအစီရင်ခံစာအတွက် ၂၀၁၉ စံနှုန်းဖြင့် ဆောင်ရွက်ရန် မလိုအပ်ဘဲ validation အတွက်လည်း သက်ရောက်မှုမရှိနိုင်ကြောင်း၊ သို့သော် (၆) ကြိမ်မြောက်အစီရင်ခံစာတွင် ၂၀၁၉ စံနှုန်းအား လိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

**၃။ Contract Transparency နှင့်စပ်လျဉ်း၍ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ ချုပ်ဆိုခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်ထားသည့် စာချုပ်များအား စံနှုန်း (၂.၄.က) အရ အများပြည်သူထုတ်ပြန်ရမည်ဖြစ်ကြောင်း၊** စံနှုန်း ၂.၄.ခ အရ MSG ၏ ၂၀၂၀ ခုနှစ် လုပ်ငန်းအစီအစဉ်တွင်လည်း စာချုပ်ဖွင့်ဟ ထုတ်ပြန်ရန်အတွက် အစီအစဉ်များပါရှိထားရမည်ဖြစ်ကြောင်း၊ စံနှုန်း ၂.၁ အရ စာချုပ်များအား အစီရင်ခံစာတွင် မည်သည့်စာချုပ်များရှိသည်ကို ဖော်ပြသင့်ကြောင်း၊ စံနှုန်း ၂.၄.ဂ အရ အစိုးရ၏ မူဝါဒနှင့် လက်တွေ့လုပ်ထုံးလုပ်နည်းများအား ဖော်ပြရမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

**၄။ State-owned enterprises (SOE) များနှင့်စပ်လျဉ်း၍** စံနှုန်း ၂.၆.က.၁ အရ SOE များနှင့် အစိုးရဌာနများအကြား ဘဏ္ဍာရေးဆိုင်ရာဆက်စပ်မှုများအား ဖော်ပြရာတွင် ဖက်စပ်လုပ်ငန်းများ (Joint Ventures) နှင့် လက်အောက်ခံကုမ္ပဏီများ (subsidiaries) အား ဖော်ပြရမည်ဖြစ်ကြောင်း၊ ချေးငွေ အသေးစိတ်များတွင် ပြန်လည်ပေးချေရမည့်အစီအစဉ်နှင့်အတိုးနှုန်းများအား စံနှုန်း ၂.၆.က.၂ အရ ဖော်ပြရမည်ဖြစ်ကြောင်း၊ ၂.၆ ခ အရ စာရင်းစစ်ထားသည့် ဘဏ္ဍာရေးရှင်းတမ်းများ (audited financial statements) များအား ဖော်ပြရမည်ဖြစ်ကြောင်း၊ စံနှုန်း ၆.၂ အရ Quasi-fiscal expenditures (QFE) အဓိပ္ပာယ်သတ်မှတ်ချက်အား IMF မှ အဓိပ္ပာယ်သတ်မှတ်ချက်အား အသုံးပြုရန် စဉ်းစားသင့်ကြောင်း တင်ပြခဲ့သည်။

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

၅။ ရေနံနှင့်သဘာဝဓါတ်ငွေ့၊ ဓါတ်သတ္တုကဏ္ဍ state share အရောင်းများနှင့်စပ်လျဉ်း၍ စံနှုန်း ၄.၂.က အရ အစိုးရကိုယ်စားရောင်းချသည့် third party များနှင့် SOEs အားလုံး အကျုံးဝင်ပါကြောင်း၊ အရောင်းစာချုပ်ဖြင့် ရောင်းချသည့် ပမာဏနှင့်တန်ဖိုးများအား အသေးစိတ်ဖော်ပြရမည်ဖြစ်ကြောင်း၊ စံနှုန်း ၄.၂ ခ အရ ဝယ်ယူသူများနှသ့် အရောင်းစာချုပ်များ ရွေးချယ်ခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ဖွင့်ဟထုတ်ပြန်ရန် တိုက်တွန်းထားကြောင်း၊ စံနှုန်း ၄.၂ ဂ အရ ဝယ်ယူသည့်ကုမ္ပဏီများအား ၎င်းတို့၏ ကုန်ပစ္စည်းအလိုက် ဝယ်ယူထားမှုများအတွက် ပေးချေမှုများအား ဖွင့်ဟထုတ်ပြန်ရန် တိုက်တွန်းထားကြောင်း တင်ပြခဲ့သည်။

၆။ **ပတ်ဝန်းကျင်ရေးရာအစီရင်ခံခြင်း (Environmental Reporting)** နှင့်စပ်လျဉ်း၍ အစိုးရသို့ ပေးချေ ရသည့် ပတ်ဝန်းကျင်ရေးရာပေးချေမှုများအား စံနှုန်း ၆.၁ အရ ဖွင့်ဟထုတ်ပြန်ရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ရေးရာသက်ရောက်မှုများနှင့် ကြီးကြပ်စောင့်ကြပ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များအား စံနှုန်း ၆.၄ အရ ဖွင့်ဟထုတ်ပြန်ရန် တိုက်တွန်းထားကြောင်း၊ **ကျား/မ ရေးရာ (Gender) နှင့်စပ်လျဉ်း၍** MSG အနေဖြင့် စံနှုန်း ၁.၄ အရ Gender balance အား စဉ်းစားရန်လိုအပ်ကြောင်း၊ အစီရင်ခံစာပြုစုသည့်အခါ၌လည်း စံနှုန်း ၆.၃ အရ အလုပ်သမားရေးရာဒေတာများအား စီမံကိန်း၊ အခန်းကဏ္ဍနှင့် ကျား/မ ရေးရာအလိုက် ဖော်ပြသင့်ကြောင်း၊ စံနှုန်း ၇.၁ အရ ကျား/မ ရေးရာနှင့် လူမျိုးစုများ၊ လူနည်းစုများ၏ စိန်ခေါ်မှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း စဉ်းစားသင့်ကြောင်း၊ စံနှုန်း ၇.၄ အရ ကျား/မ ရေးရာ ညီမျှမှုနှင့် လူမှုရေးရာ ထည့်သွင်းစဉ်းစားမှုတိုးတက်လာစေရန် ကြိုးပမ်းမှုများအား မှတ်တမ်းပြုစုရန် တိုက်တွန်းကြောင်း တင်ပြခဲ့သည်။

၇။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ဌာနများ၌ အလုပ်သမားစာရင်းများ ဖော်ပြနေသည်ကို သိရှိရကြောင်း၊ အဆိုပါဒေတာများ၌ ကျား/မ စာရင်းဖြင့် ဖော်ပြပါက စံနှုန်းအား လိုက်နာသည်နှင့် တူညီမှု ရှိ၊ မရှိ နှင့် အဆိုပါ စံနှုန်းအတွက် Format ရှိ ၊ မရှိကိုလည်း မေးမြန်းဆွေးနွေးခဲ့သဖြင့် လောလောဆည်၌ သီးသန့် သတ်မှတ်ထားခြင်းမရှိသေးကြောင်း၊ Guideline ရရှိပါက အဆိုပါ Guideline အား မျှဝေမည် ဖြစ်ကြောင်း၊ MSG အနေဖြင့် Guideline အား အခြေခံ၍ နိုင်ငံနှင့်ကိုက်ညီသည့်ပုံစံကို အသုံးပြုသင့် ကြောင်း EITI Country Officer မှ ပြန်လည်ဆွေးနွေးခဲ့သည်။

၈။ **Systematic Disclosures နှင့်စပ်လျဉ်း၍** စံနှုန်း ၄.၁ အရ Reporting Entities များအနေဖြင့် EITI Report ထုတ်ပြန်ရန်အတွက်သာ အာရုံ မထားနေဘဲ အချိန်နှင့်တစ်ပြေးညီ ခိုင်မာသည့်ဒေတာများ အလေးထား ဖွင့်ဟသင့်ကြောင်း၊ စံနှုန်း ၄.၁ င အရ နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းများအား ကုမ္ပဏီများ အနေဖြင့် ဖွင့်ဟနိုင်ရန် မျှော်လင့်ရကြောင်း၊ MSG အနေဖြင့် စာရင်းတိုက်ဆိုင် စစ်ဆေးခြင်းထက်

အခြားဒေတာဆိုင်ရာ အာမခံချက်ရှိသည့်လုပ်ထုံးလုပ်နည်းကို အသုံးပြုရန် လမ်းစရှိကြောင်း၊ အဆိုပါကိစ္စအတွက် စံနှုန်း ၄.၉ တွင် သတ်မှတ်ထားကြောင်း၊ သို့သော် EITT Board အနေဖြင့် အတည်ပြုမထားသေးကြောင်း တင်ပြခဲ့သည်။

၉။ ၂၀၂၀ ပြည့်နှစ်အတွင်း သက်ရောက်လာမည့် အခြားလိုအပ်ချက်များအနေဖြင့် ပထမအချက်သည် **Beneficial Ownership disclosures** ဖြစ်ကြောင်း၊ အဆိုပါအချက်သည် ၂၀၁၉ စံနှုန်း၌ လိုအပ်ချက်အသစ်မဟုတ်ကြောင်း၊ ယခင် ၂၀၁၆ စံနှုန်းကတည်းက တိုက်တွန်းထားကြောင်း၊ ဒုတိယ အချက်သည် **Project Level Reporting ဖြစ်ကြောင်း၊** အဆိုပါစံနှုန်းနှင့်ပတ်သက်၍ ၂၀၂၀ မတ်လတွင် ထုတ်ပြန်မည့် မြန်မာ EITI အစီရင်ခံစာတွင် အကျုံးဝင်မည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်ဒေတာများအနေဖြင့် အဆိုပါလိုအပ်ချက်နှင့် အကျုံးဝင်ပြီးသားကြောင့်ဖြစ်ကြောင်း၊ ဒေတာများအနေဖြင့် စီမံကိန်းတစ်ခုချင်း၊ ကုမ္ပဏီတစ်ခုချင်းအလိုက် နှင့် ဘဏ္ဍာငွေအမျိုးအစားတစ်ခုချင်းအား အသေးစိတ်ဖော်ပြရမည် ဖြစ်ကြောင်း၊ Project ဆိုသည်မှာ တစ်ခုတည်းသောစာချုပ်၊ လိုင်စင်၊ ခွင့်ပြုချက်၊ တရားဝင် သဘောတူညီမှု စသဖြင့် အစိုးရတစ်ခုနှင့် ပေးချေမှုအား အခြေခံသည့်ပုံစံများရှိသည့် လုပ်ငန်းလည်ပတ် သည့်လုပ်ငန်းများဟု အဓိပ္ပာယ်ရကြောင်း၊ ဥပမာအားဖြင့် တစ်ဦးတည်းသောစာချုပ်၊ ဖက်စပ်စာချုပ်၊ ထုတ်လုပ်မှုမျှဝေခြင်းသဘောတူညီမှု သို့ အခြား ဥပဒေဆိုင်ရာသဘောတူညီမှုများပါဝင်သက်ရောက် ကြောင်း၊ အခြား လိုအပ်ချက်များဖြစ်သည့် **စံနှုန်း ၂.၂ တွင် Licensing တွင်** လိုင်စင်ရွေးချယ်ခွင့်ပြုခြင်း သို့မဟုတ် ပယ်ဖျက်သည့် လုပ်ထုံးလုပ်နည်းများနှင့်လိုအပ်ချက်များ၊ စံနှုန်း ၃.၂ နှင့် ၃.၃ အရ ထုတ်လုပ်မှုနှင့်တင်ပို့မှုတွင် ကုမ္ပဏီအလိုက် သို့မဟုတ် ပရောဂျက်အလိုက် ဖွင့်ဟခြင်း၊ စံနှုန်း ၄.၈ တွင် Data timeliness နှင့်ပတ်သက်၍ ပို၍ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်နိုင်ရန် လိုအပ်ခြင်း၊ စံနှုန်း ၅.၂ တွင် Sub-national transfers နှင့်ပတ်သက်၍ တိုင်း/ပြည်နယ်များတွင် ခွဲဝေသုံးစွဲခြင်းဒေတာများ၊ စံနှုန်း ၇.၃ တွင် EITI တွေ့ရှိချက်များပါ Follow up ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲရေးအတွက် အကြံပြုတိုက်တွန်းချက်များပါဝင်ရန်လိုအပ်ခြင်း စသည့်အချက်များလည်း ပါဝင်ကြောင်း စသဖြင့် ဆွေးနွေးတင်ပြခဲ့သည်။

## ၈။ ပဉ္စမအကြိမ်မြောက်အစီရင်ခံစာထုတ်ပြန်ခြင်းအတွက် IA ငှားရမ်းခြင်းလုပ်ငန်းစဉ် လက်ရှိ အခြေအနေများအား တင်ပြခြင်း

၁။ NCS ၏ နည်းပညာအကြံပေးမှတင်ပြရာ၌ MEITI အစီရင်ခံစာများပြုစုထုတ်ပြန်ခဲ့သည်မှာ ယခုအချိန်တွင် ပဉ္စမအကြိမ်မြောက်ထုတ်ပြန်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း၊ ယခုအကြိမ်တွင် ယခင် ရေနံနှင့် သဘာဝ ဓါတ်ငွေ့၊ ကျောက်မျက်စိမ်း၊ သတ္တု၊ ပုလဲ အပြင် သစ်တောကဏ္ဍပါ ပါဝင်လာမည် ဖြစ်ကြောင်း၊ ထို့အပြင် (၆) ကြိမ်မြောက်အစီရင်ခံစာသည် ဘဏ္ဍာရေးနှစ်အပြောင်းအလဲအရ ၆ လ

ဘတ်ဂျက်ကာလ ဖြစ်ကြောင်း၊ ၂၀၁၈ ဧပြီလမှ ၂၀၁၈ စက်တင်ဘာလအထိဖြစ်ကြောင်း၊ ထို့အပြင် အဆိုပါအစီရင်ခံစာသည် ၂၀၁၉ စံနှုန်းအား လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

၂။ (၅) ကြိမ်မြောက်အစီရင်ခံစာအတွက် IA ငှားရမ်းရန် REOI အား ၂၆-၄-၂၀၁၉ မှ ၂၇-၅-၂၀၁၉ အထိ ခေါ်ဆိုထားကြောင်း၊ ရွေးချယ်ရေးကော်မတီမှ ၁၀-၆-၂၀၁၉ ရက်နေ့တွင် တစ်ကြိမ်အစည်းအဝေး ထိုင်၍ ၁၅-၇-၂၀၁၉ ရက်နေ့တွင် RFP ပြန်တင်ခိုင်းနိုင်မည်ဆိုပါက ၁၅-၈-၂၀၁၉ တွင် အဆိုပြုလွှာ နောက်ဆုံးရရှိပြီး ၈ လပိုင်းအကုန်တွင် ရွေးချယ်ခြင်းပြီးဆုံးမည်ဟု မျှော်လင့်ရကြောင်း၊ IA အနေဖြင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် အလုပ်စနိုင်မည်ဟု မျှော်လင့်ရကြောင်း၊ အစီရင်ခံစာပြုစုသည့် အချိန်ဇယားအရ Phase I General Awareness and Planning အား ၂၀၁၇ ခုနှစ်တွင် ဒုတိယနှင့်တတိယအကြိမ်အတွက် ဇူလိုင်လတွင်လည်းကောင်း၊ စတုတ္ထအကြိမ်အတွက် စက်တင်ဘာလ တွင်လည်းကောင်း၊ ပဉ္စမအကြိမ်အတွက်မူ အောက်တိုဘာလတွင်မှ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ Phase 2 Scoping Study ၊ Phase 3 Capacity Building ၊ Phase 4 Data Collection and Initial reconciliation report ၊ Phase 5 Analysis and investigation of discrepancies နှင့် Phase 6 Completion and Reporting အဆင့်များအတွက် နည်းနည်းချင်စီ အချိန်ကြပ်တည်းနိုင်ကြောင်း စသဖြင့် တင်ပြခဲ့သည်။

၃။ ထို့နောက် MSG မှ **(၅) ကြိမ်မြောက် MEITI အစီရင်ခံစာအား ပြုစုရေးသားမည့် IA ငှားရမ်းသည့်လုပ်ငန်းစဉ်အရ Technical နှင့် Financial Proposal များ သုံးသပ်ရွေးချယ်နိုင်ရန်အတွက် Selection Sub-committee အစည်းအဝေးအား (၂၄-၈-၂၀၁၉) ရက်နေ့ မနက်ပိုင်းတွင် ကျင်းပရန်နှင့် ရေရှည်လုပ်ငန်းအစီအစဉ် ( Long Term Work Plan) နှင့် EITI Implementation Structure အပါအဝင် MEITI Work Plan အား အသေးစိတ်ဆွေးနွေးနိုင်ရန် Work Plan and Governance Sub-committee အစည်းအဝေးအား (၂၄-၈-၂၀၁၉) ရက်နေ့ နေ့လည် ပိုင်းတွင် ကျင်းပရန်** စသဖြင့် ဆုံးဖြတ်ခဲ့သည်။

## ၉။ အကျိုးအမြတ်ရရှိပိုင်ဆိုမှုလုပ်ငန်းစဉ်ဆိုင်ရာ တိုးတက်မှုများအား တင်ပြခြင်း

၁။ NCS ၏ Technical Coordinator မှတင်ပြရာ၌ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် သမ္မတရုံးအမိန့်စာသည် ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် စီးပွားရေးကော်မတီ ထံသို့ တင်ပြပြီးဖြစ်ကြောင်း၊ BO Consultant အပါအဝင် Secretariat မှ တာဝန်ခံများပါဝင်၍ ၈-၈-၂၀၁၉ ရက်နေ့တွင် သတ္တုတွင်းဦးစီးဌာန၊ အမှတ် (၁) သတ္တုတွင်း လုပ်ငန်း၊

အမှတ် (၂) သတ္တု တွင်းလုပ်ငန်း၊ မြန်မာကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းတို့နှင့်လည်းကောင်း၊ ၉-၈-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့ (FIU) တို့နှင့် လည်းကောင်း၊ ၁၄-၈-၂၀၁၉ ရက်နေ့တွင် ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့နှင့်လည်းကောင်း စသဖြင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း စသဖြင့် ကနဦးတင်ပြခဲ့သည်။

၂။ ဌာနများနှင့် ဆွေးနွေးရာ၌ BO ဖော်ဆောင်မှုကို ထောက်ခံရန်နှင့် ပါဝင်ကူညီရန် အများအားဖြင့် ကတိကဝတ်ပြုခဲ့ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် BO ထုတ်ပြန်မှုနှင့် ၎င်းတို့၏ ဆက်စပ်မှုကို ရှင်းရှင်းလင်းလင်းသိထားကြောင်း၊ BO ထုတ်ပြန်နိုင်ရန် လိုအပ်သော ဥပဒေဆိုင်ရာ နည်းလမ်းတစ်ခု ရှိရန် လိုအပ်သည်ဟု အများက ထင်မြင်ထားကြောင်း၊ ကုမ္ပဏီများကို ဖိတ်ကြားရာ တွင် ပါဝင်ကူညီရန် လက်သင့်ခံမှု ရှိကြောင်း၊ အချို့အဖွဲ့အစည်းများအနေဖြင့် BO အကြောင်း ပိုမိုသိရှိရန် ဝန်ထမ်းများ၏ စွမ်းရည်ပိုမိုကောင်းမွန်လာစေရန်လိုအပ်ကြောင်း၊ ဌာနများအကြားတွင် ညှိနှိုင်းလက်တွဲမှုများ ရှိရန် လိုအပ်သည်ဟု ထင်မြင်ကြောင်း၊ ဥပမာအားဖြင့် အချက်အလက်သိမ်းဆည်းသည့်စနစ်များ၊ ဓါတ်သတ္တု မြေပုံအညွှန်းနှင့် အခွန်မှတ်တမ်းများတွင် ချိတ်ဆက်မှုရှိရန်လိုအပ်ကြောင်း တင်ပြခဲ့သည်။

၃။ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအဖြစ် ၁၆-၈-၂၀၁၉ ရက်နေ့တွင် BO Awareness Workshop အား နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါအခမ်းအနား၌ သက်ဆိုင်ရာဌာနများမှ ၎င်းတို့၏ ဌာနနှင့် BO ၏ ဆက်စပ်မှု၊ ဒေတာအား အသုံးပြုရန် စီစဉ်ထားမှု၊ အခြားဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်မှု၊ အစီအစဉ်များအကောင်အထည်ဖော်ရန် စွမ်းရည်လိုအပ်မှုစသည်တို့အား တင်ပြဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ၁၉-၉-၂၀၁၉ ရက်နေ့တွင် BO Template Training အား မန္တလေးမြို့တွင်လည်းကောင်း၊ ၂၀-၈-၂၀၁၉ ရက်နေ့၌ ရန်ကုန်မြို့တွင်လည်းကောင်း ကျင်းပရန်စီစဉ်ထား ကြောင်း တင်ပြခဲ့သည်။

## ၁၀။ စတုတ္ထအကြိမ်မြောက် (၄ ကြိမ်မြောက်) MEITI အစီရင်ခံစာထုတ်ပြန်ရန်အတွက် ဘာသာပြန်ခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်း အခြေအနေများအားတင်ပြခြင်း

၁။ ပြန်ကြားရေးတာဝန်ခံမှ တင်ပြရာ၌ ၄ ကြိမ်မြောက် MEITI အစီရင်ခံစာအား ၃၀-၃-၂၀၁၉ ရက်နေ့တွင်ကျင်းပခဲ့သည့် (၁၃) ကြိမ်မြောက် MSG အစည်းအဝေးတွင်အတည်ပြုခဲ့ကြောင်း၊ ၁၂-၇-၂၀၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် (၂၂) ကြိမ်မြောက် MSG အစည်းအဝေးတွင် နောက်ဆက်တွဲ Supplementary အစီရင်ခံစာအား အတည်ပြုခဲ့ကြောင်း၊ အစီရင်ခံစာအား အနှစ်ချုပ်နှင့်

အကြံပြုတိုက်တွန်းချက်များအား ဘာသာပြန်ရန်စီစဉ်ထားပြီး အခန်း ၁.၁ မှ ၁.၈ အထိပါဝင်မည့်ဖြစ်ပြီး အခန်း (၇) မှ အကြံပြုတိုက်တွန်းချက်များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ပုံနှစ်ခြင်းအား ၄ ပတ်ခန့် အချိန်ယူရမည်ဟု သိရှိထားကြောင်း၊ ထုတ်ပြန်သည့်အခမ်းအနား မပြုလုပ်မီ သတင်းမီဒီယာများနှင့် ကြိုတင်တွေ့ဆုံပွဲအား ရန်ကုန်၌ ကျင်းပမည်ဖြစ်ပြီး အစီရင်ခံစာ ထုတ်ပြန်သည့်အခမ်းအနားအား တိုင်း/ပြည်နယ်တစ်ခုခုတွင် ပြုလုပ်ရန်စီစဉ်ထားကြောင်း၊ ထို့နောက် အစီရင်ခံစာ ပြန်လည် သုံးသပ်ခြင်းအလုပ်ရုံဆွေးနွေးပွဲအား နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပြီး NORAD မှ နည်းပညာ အကူအညီပေးမည်ဖြစ်ကြောင်းတင်ပြခဲ့သည်။

၂။ ထို့နောက် **MSG က (၄) ကြိမ်မြောက်အစီရင်ခံစာထုတ်ပြန်ကြေညာနိုင်ရန်အတွက် အခမ်းအနားများ အသေးစိတ်အား ဆွေးနွေးနိုင်ရန် Communication and Outreach Sub-committee အား (၂၃.၈.၂၀၁၉) ရက်နေ့တွင် ကျင်းပရန်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်များတွင် ယခု နှစ်အတွင်း SNU ဦးစားပေး ဖွဲ့စည်းရန်အတွက် ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပြီး (၄) ကြိမ်မြောက် MEITI အစီရင်ခံစာအား မြန်မာဘာသာ ပြန်ဆိုကာထုတ်ဝေရန်၊ အနှစ်ချုပ်အစီရင်ခံစာအား မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ နှစ်မျိုးလုံးဖြင့် ထုတ်ဝေရန်၊ ယင်းကုန်ကျစရိတ်အတွက် MEITI Work Plan မှ ကျခံသုံးစွဲရန်** ဆုံးဖြတ်ခဲ့ကြသည်။

## ၁၁။ MEITI Work Plan Review Workshop ရလဒ်နှင့် MEITI Work Plan (မူကြမ်း) နှင့်ပတ်သက်၍ တင်ပြခြင်း

၁။ နည်းပညာအကြံပေးမှ တင်ပြရာ၌ MEITI Work Plan Review Workshop အား ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၂၉-၃၀) ရက်တို့၌ ကျင်းပခဲ့ကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲအား ယခင်က ပုဂံ၌ ကျင်းပရန်စီစဉ်ခဲ့သော်လည်း ရန်ကုန်၌သာ ကျင်းပနိုင်ခဲ့ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ၌ လက်ရှိ Work Plan ပါ ရည်ရွယ်ချက်များအား အုပ်စုခွဲ၍ ဆွေးနွေးခဲ့ကြကြောင်း၊ International EITI Secretariat ၏ Work Plan Guidance အား အခြေခံ၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် Corrective Actions များအား လွှမ်းခြုံမှု ရှိစေရန် ထပ်မံဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြောင်း၊ သို့သော် ထွက်ရှိလာသည့် Work Plan မူကြမ်းအား ထပ်မံဆွေးနွေးစေလိုကြောင်း တင်ပြခဲ့သည်။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးက လည်း Work Plan အား အဆိုပါနေ့က ဆွေးနွေးခဲ့ကြကြောင်း၊ တစ်ချို့လုပ်ငန်းစဉ်များအတွက် လုပ်ငန်းစဉ်သာပါပြီး ဘတ်ဂျက်မရှိသေးသည်ကို တွေ့ရကြောင်း၊ ထို့အတွက် အသေးစိတ်ဆွေးနွေးရန်အတွက် နောက်တစ်ကြိမ် လုပ်ငန်းခွဲကော်မတီတစ်ခုတွင် ဆွေးနွေးရန် အကြံပြုခဲ့သည်။

## ၁၂။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက် နေ့၌ ကျင်းပခဲ့သည့် (၂၂) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ပြီးစီးမှုအားတင်ပြခြင်း

နည်းပညာကျွမ်းကျင်သူမှ အစည်းအဝေးဆုံးဖြတ်ချက်အကောင်အထည်ဖော်မှုအခြေအနေများအား အောက်ပါအတိုင်း အကျဉ်းချုပ်တင်ပြခဲ့သည် -

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက် ပြီးစီးမှုအခြေအနေ |
|---|---|---|
| ၁ | မြန်မာနိုင်ငံ Validation နှင့်ပတ်သက်၍ ဆွေးနွေးကြရာ Requirement 1.3၊ Grievance Mechanism နှင့် သယံဇာတ ကော်မရှင်ဖွဲ့စည်းနိုင်ရေး ကိစ္စရပ်များ အဓိကဆွေးနွေးရန် ရည်ရွယ်၍ ယာယီကော်မတီတစ်ခုအား ဖွဲ့စည်းရန် သဘောတူသည်။<br>• MSG ကိုယ်စားလှယ်များ၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့မှ ရှေ့နေချုပ်ရုံး၏ ကိုယ်စားလှယ်တို့ ပါဝင်ဖွဲ့စည်းရန်၊<br>• ကော်မတီ၏ အစည်းအဝေးများအား နေပြည်တော်တွင် ကျင်းပရန်၊ | မဆောင်ရွက်ရသေးပါ။ |
| ၂ | စာရင်းစစ်အစီရင်ခံစာမှတ်ချက်များအတွက် ရှင်းလင်းချက်အား သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ MOPF ထံသို့ တရားဝင်စာပို့ရန် သဘောတူသည်။ | NCS မှ ရသုံး/ဌာနထံသို့ ရှင်းလင်းချက် တင်ပြထားပြီးဖြစ်ပါသည်။ |
| ၃ | လက်ရှိ MOU အတိုင်း လစာကြိုတင်ငွေတောင်းခံမှုဖြင့် ထည့်သွင်း၍ ချုပ်ဆိုရန် သဘောတူသည်။<br>• လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အနီးစပ်ဆုံး ကုန်ကျစရိတ်အား ခန့်မှန်းတောင်းခံရန် | MOU အား (…/…/ ၂၀၁၉) မှ (၃၀/၉/၂၀၂၀) အထိ ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ |
| ၄ | (၅) ကြိမ်မြောက် MEITI အစီရင်ခံစာပြုစုသည့်အခါ သစ်တောကဏ္ဍ အတွက်ပြုစုမှု Timeline အား IA ၏ လက်ရှိ ToR အတိုင်း ဆောင်ရွက်ရန်နှင့် လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ရန် သဘောတူသည်။ | ငှားရမ်းပြီးပါက ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။ |

| | | |
|---|---|---|
| ၅ | EITI Donor Consultation အဖွဲ့ ဖွဲ့စည်းမှုနှင့်ပတ်သက်၍ ကဏ္ဍသုံးခုလုံးမှ ကိုယ်စားလှယ်များပါဝင်ရန် ပြန်လည်ညှိနှိုင်းမှုများ ပြုလုပ်ရန် သဘောတူသည်။ | ညှိနှိုင်းဆဲဖြစ်ပါသည်။ |
| ၆ | MEITI Comprehensive Workplan ဆွေးနွေးရန် အလုပ်ရုံဆွေးနွေးပွဲအား ဇူလိုင်လ (၂၈-၃၀) ရက်များတွင် ကျင်းပနိုင်ရန်အတွက် ဆက်လက်စီစဉ်ရန် သဘောတူသည်။ | အလုပ်ရုံဆွေးနွေးပွဲအား (၂၉-၃၀/ ၇/ ၂၀၁၉) ရက်နေ့များတွင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ |
| ၇ | စတုတ္ထအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ၏ နောက်ဆက်တွဲအစီရင်ခံစာအား အတည်ပြုသည်။ | အတည်ပြုပြီးနောက် eiti website စာမျက်နှာနှင့် international secretariat သို့ ပေးပို့ထားပြီးဖြစ်၊ |
| ၈ | Beneficial Ownership နှင့်စပ်လျဉ်း၍ အောက်ပါအချက်တို့အား သဘောတူသည်-<br>• PEP သတ်မှတ်ချက် lifespan အား ကန့်သတ်မထားဘဲ ဆက်လက် ဆောင်ရွက်ရန်၊<br>• ပထမအဆင့် BO အချက်အလက်ဖြည့်သွင်းခြင်းလုပ်ငန်းစဉ်တွင် အစီရင်ခံစာပါကုမ္ပဏီများမှ လက်ရှိရှိနေသောကုမ္ပဏီများ ပါဝင်နိုင်ရေး စိစစ်ညှိနှိုင်းရန်၊ | အစီရင်ခံစာပါကုမ္ပဏီများမှ လက်ရှိရှိနေသောကုမ္ပဏီများ ပါဝင်နိုင်ရေးအတွက် (၆) ကြိမ်မြောက် BO Task Force အစည်းအဝေးတွင် ဆွေးနွေးခဲ့ပြီး " ရေနံနှင့်သဘာဝဓါတ်ငွေ့ကုမ္ပဏီစာရင်းတွင် Inactive ဖြစ်နေသောကုမ္ပဏီများအနေဖြင့် DICA တွင် ပြန်လည်မှတ်ပုံတင်ထားပါကအဆိုပါကုမ္ပဏီများအား BO Awareness and Template Training သို့ ဖိတ်ကြားရန်" ဟု ဆုံးဖြတ်ခဲ့ကြပါသည်။ |
| ၉ | မန္တလေးတွင် BO Awareness Raising ပြုလုပ်နိုင်ရန် သင်တန်းခန်းမနေရာ အတွက် MFMA ထံသို့ တရားဝင်စာရေးရန် သဘောတူသည်။ | ဆောင်ရွက်ပြီးဖြစ်ပါသည်။ ၁၉-၈-၂၀၁၉ ရက်နေ့တွင်ကျင်းပခဲ့။ |
| ၁၀ | BO Data Progress များအား MEITI Website တွင် Domain ထား၍ ဆောင်ရွက်ရန် သဘောတူသည်-<br>• Website ထိန်းသိမ်းစီမံမှုဆိုင်ရာကုန်ကျစရိတ်နှင့် နည်းပညာကိစ္စရပ်များအား ညှိနှိုင်းတင်ပြရန် | DICA Website တွင် ထားရန် ညှိနှိုင်းပြီးဖြစ်ပါသည်။ ကုန်ကျစရိတ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး၏ (၂၃/၇/၂၀၁၉) |

| | | |
|---|---|---|
| | | ရက်စွဲပါ စာအမှတ်- စီမံ ၂၉/၇/၂၀၁၉ ဖြင့် တင်ပြထား ပြီးဖြစ်ပါသည်။ |
| ၁၁ | SNU များအတွက် Guidance ရေးဆွဲပေးနိုင်ရန်အတွက် MSG ကိုယ်စား ပြန်ကြားရေးနှင့်ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီတစ်ခုတွင် ဆွေးနွေးရန် သဘောတူသည်။<br>• Guidance Note ရေးဆွဲရာတွင် SNU နာယကများ နှင့် အတွင်းရေးမှူး (၃) ဦးတို့အား ဖိတ်ကြားရန် | မဆောင်ရွက်ရသေးပါ။ |
| ၁၂ | စတုတ္ထအကြိမ်မြောက် MEITI အစီရင်ခံစာထုတ်ပြန် ကြေညာခြင်းအခမ်းအနားများအား ပြည်နယ်များတွင် ဦးစားပေး ပြုလုပ်ရန် သဘောတူသည် -<br>• ရှမ်းပြည်နယ်တွင် ဦးစားပေးကျင်းပရန်<br>• အခြားပြည်နယ်များနှင့် အသေးစိတ်အချက်အလက်များအား ပြန်ကြားရေးနှင့် ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးရန်၊ | မဆောင်ရွက်ရသေးပါ။ |
| ၁၃ | တတိယအကြိမ်မြောက် MEITI အစီရင်ခံစာ မြန်မာဘာသာပြန်အား အတည်ပြုသည်။ | အတည်ပြုပြီးနောက် meiti website တွင် တင်ပြထား၊ |
| ၁၄ | International Secretariat ၏ ခရီးစဉ်ကာလအတွင်း International Secretariat နှင့်တွေ့ဆုံနိုင်ရန်အတွက် ဩဂုတ်လ (၁၂) ရက်နေ့တွင် (၂၃) ကြိမ် မြောက် MSG အစည်းအဝေးကျင်းပရန် သဘောတူသည်။ | ယနေ့ (၁၄/၈/၂၀၁၉) ရက်နေ့တွင် ကျင်းပဆောင်ရွက်ပြီးဖြစ်ပါသည်။ |

**၁၃။ "Exposure to Mining Decentralization Indonesia Trip" အတွေ့အကြုံများအား ရှင်းလင်း တင်ပြခြင်း**

၁။ NCS ၏ လက်ထောက်ပြန်ကြားရေးတာဝန်ခံမှ ရှင်းလင်းတင်ပြရာ၌ ခရီးစဉ်အား ၁၃-၇-၂၀၁၉ မှ ၂၀-၇-၂၀၁၉ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ သတ္တုတူးဖော်ရေးဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းလုပ်ငန်းစဉ်အား လေ့လာရန်၊

သယံဇာတတူးဖော်မှုများ၏ အကျိုးသက်ရောက်မှုများအကြောင်း အသေးစိတ်လေ့လာရန်၊ အင်ဒိုနီးရှား နိုင်ငံ၏ အတွေ့အကြုံများမှ ကောင်းမွန်သောလုပ်ထုံးလုပ်နည်းများနှင့် သင်ခန်းစာများအား လေ့လာနိုင်ပြီး ဗဟိုချုပ်မှုလျှော့ချခြင်း၏ ရှုတ်ထွေးသောလုပ်ငန်းစဉ်တွင် အမှားအယွင်းများကို ရှောင်ရှားနိုင်ရန်ဖြစ်ကြောင်း၊ ခရီးစဉ်၌ MSG ဒုတိယဥက္ကဋ္ဌ သတ္တုတွင်းညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီးမှ ဦးဆောင်ပါဝင်၍ အစိုးရနှင့် အရပ်ဘက်ကိုယ်စားလှယ် (၂) ဦး၊ စစ်ကိုင်း၊ မန္တလေး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့မှ အစိုးရသတ္တုလုပ်ကွက်စီစစ်ချထားပေးရေးကော်မတီ အတွင်းရေးမှူး တစ်ဦးစီနှင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဝင်များ (SNU Members) ၊ အမှတ် (၂) သတ္တုတွင်း လုပ်ငန်းမှ (၁) ဦး၊ Pre-cadaster Working Group မှ ၁ ဦး၊ မကွေးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၁) ဦး၊ MATA မှ Program Coordinator ၁ ဦး၊ MOBD မှ ၁ ဦး၊ NRGI မှ ၃ ဦး၊ NCS မှ ၂ ဦး၊ စကားပြန် ၁ ဦး၊ စုစုပေါင်း (၂၂) ဦး ပါဝင်ခဲ့ကြောင်း တင်ပြခဲ့သည်။

၂။ ခရီးစဉ်၏ ဒုတိယနေ့ဖြစ်သည့် ၁၄-၇-၂၀၁၉ ရက်နေ့၌ Indonesia Institute of Science မှ သတ္တုသမိုင်းပညာရှင် Dr. Erwiza Erma ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) Dr, Made Suwandi တို့နှင့်လည်းကောင်း၊ ၁၅-၇-၂၀၁၉ ရက်နေ့၌ Mining Institute ၏ Founder သတ္တုလုပ်ငန်းရှင်များအသင်း၊ ဒုတိယဥက္ကဋ္ဌ Mr. Hendra Sinadia ၊ Indonesia Publish What You Pay မှ National Coordinator Ms. Mayryati Abdullah ၊ Mineral and Coal Program Planning Department မှ ဒုတိယညွှန်ကြားရေးမှူး Dr. Ing. Herry Permana ၊ Indonesia Forum for Environment မှ Head Campaigner ဖြစ်သည့် Dr. Dwi Sawung ၊ Indonesia Anti-corruption ( KPK) commission မှ Commissioner တစ်ဦးဖြစ်သည့် Mr. Laode M. Syarif တို့နှင့်လည်းကောင်း၊ ၁၆-၇-၂၀၁၉ ရက်နေ့၌ KPK ရုံးမှ ကော်မရှင်နာတစ်ဦးအပါအဝင် နည်းပညာရှင်များနှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး အင်ဒိုနီးရှား EITI MSG ကိုယ်စားလှယ်များ၊ National Coordinator နှင့် အဖွဲ့တို့နှင့်လည်း ကောင်း တွေ့ဆုံခဲ့ကြောင်း၊ ၁၇-၇-၂၀၁၉ ရက်နေ့၌ ဘန်ကာဘလီတုန်ပြည်နယ်ဝန်ကြီးချုပ် Dr. H. Erzaldi Rosman နှင့်အစိုးရအဖွဲ့နှင့်တွေ့ဆုံခဲ့ပြီး ဘန်ကာကျွန်းလက်ရှိသတ္တုလုပ်ကွက်များနှင့် Kaolin ရေကန်တို့အား လေ့လာခဲ့ကြောင်း၊ ၁၈-၇-၂၀၁၉ ရက်နေ့၌ SOE တစ်ခုဖြစ်သည့် PT TIMAH Company ၏ သတ္တုတူးဖော်ဧရိယာများအား နမူနာပြန်လည်ထိန်းသိမ်းပြုပြင်ထားသည်များနှင့် ကုမ္ပဏီ၏ ရှင်းလင်းချက်များအား လေ့လာခဲ့ပြီး ဒေသခံပညာရှင်တစ်ဦးနှင့်လည်း တွေ့ဆုံခဲ့ကြောင်း၊ ၁၉-၇-၂၀၁၉ ရက်နေ့၌ ဘန်ကာကျွန်းဒေသခံသတ္တုလုပ်ငန်းရှင်တစ်ဦး၏ ရက္ခဗေဒဥယျာဉ်သို့ သွားရောက်လေ့လာခဲ့ ကြောင်း၊ ၂၀-၇-၂၀၁၉ ရက်နေ့၌ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း တင်ပြခဲ့သည်။

၃။ ဆက်လက်၍ ၎င်းမှ အင်ဒိုနီးရှားနိုင်သည် ဗဟိုအစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အစိုးရ၊ ခရိုင်နှင့် မြို့ပြအစိုးရများဟူ၍ ရှိပြီး အုပ်ချုပ်မှုယူနစ်ပေါင်း ၅၄၃ ခုရှိကြောင်း၊ စီရင်စု ၃၄ ခု၊ ခရိုင် (၄၁၁) ခု၊ မြို့ ၉၈

ခု ရှိကြောင်း၊ သယံဇာတအနေဖြင့် ခဲမဖြူသည် တရုတ်ပြီးနောက် ကမ္ဘာ့ဒုတိယအကြီးဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ကြောင်း၊ တရုတ်၊ မြန်မာနှင့် အင်ဒိုနီးရှားတို့၏ ထုတ်လုပ်မှုသည် ကမ္ဘာ့ထုတ်လုပ်မှု၏ ၄ ပုံ ၃ ပုံရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ PT TIMAH သည် ခဲမဖြူထုတ်လုပ်မှုအကြီးဆုံးကုမ္ပဏီဖြစ်ကြောင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချလာခြင်းသည် ထိုနိုင်ငံ၌ ၁၉၉၈ ခုနှစ်တွင် စီးပွားရေးနှင့် နိုင်ငံရေးပဋိပက္ခများကြောင့် ဦးတည်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၉ ခုနှစ်၊ ၂၀၀၄ နှင့် ၂၀၁၄ ခုနှစ်များတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးမူဝါဒများ ချမှတ်ခဲ့ကြောင်း၊ ၂.၁ သန်းသော ဗဟိုအစိုးရဝန်ထမ်းများကိုလည်း ဆန္ဒအရ ပြည်နယ်များသို့လွှဲပြောင်းပေးခဲ့ကြောင်း၊ ဒေသအစိုးရများသို့ ဖွဲ့စည်းပုံအရ ပြောင်းလဲပေးသကဲ့သို့ ဝန်ထမ်း၊ ငွေကြေး၊ ရုံးခန်း၊ စာရွက်စာတမ်းများပါ လွှဲပြောင်းပေးခဲ့ကြောင်း၊ ဒေသအလိုက် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် မြင့်မားစွာ ပေးခဲ့ကြောင်း၊ အာဏာခွဲဝေရာ၌ ကာကွယ်ရေး၊ ပြည်ထဲရေး၊ ဘာသာရေး၊ တရားရေး၊ နိုင်ငံခြားရေးကိစ္စရပ်များအား ဗဟိုအစိုးရသီးသန့်အုပ်ချုပ်ပြီး အဓိကလုပ်ငန်းစဉ်အဖြစ် စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ စက်မှု၊ ခရီးသွား၊ သစ်တောကဏ္ဍများ၊ အခြေခံဝန်ဆောင်မှုလုပ်ငန်းစဉ်များအဖြစ် ကျန်းမာရေး၊ အများပြည်သူဝန်ဆောင်မှု၊ ပညာရေး၊ ပတ်ဝန်းကျင်ရေးရာ တို့အား ဒေသအစိုးရများနှင့် ဗဟိုအစိုးရတို့မှ ပူးပေါင်းစီမံကြောင်း၊ ဗဟိုအစိုးရအနေဖြင့် ကဏ္ဍအလိုက် စံနှုန်းများ၊ Norms များ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ကြောင်း၊ ဒေသအစိုးရအနေဖြင့် ဗဟိုမှချမှတ်ထားသည့်အတိုင်း အကောင်အထည်ဖော်ရပြီး ဗဟို၏စံများအပေါ် မူတည်၍ Local regulation များ ချမှတ်ခွင့်ရှိကြောင်း၊ သတ္တုကဏ္ဍအနေဖြင့် ရေနံမှရသည့်ဘဏ္ဍာအခွန်မှ ၁၅.၅ ရာခိုင်နှုန်းအား ခွဲတမ်းဖြင့် ၆.၂ ရာခိုင်နှုန်းအား ရေနံထွက်သည့်ခရိုင်အားလည်းကောင်း၊ ၆.၂ ရာခိုင်နှုန်းအား စီရင်စု၏ ခရိုင်အားလုံးနှင့် မြို့အားလုံးအားလည်းကောင်း၊ ကျန် ၃.၁ ရာခိုင်နှုန်းအား စီရင်စု အစိုးရသို့လည်းကောင်း အသီးသီးခွဲဝေကြောင်း၊ ဓါတ်ငွေ့မှရသည့်ဘဏ္ဍာအခွန်မှ ၃၀.၅ ရာခိုင်နှုန်းအား ခွဲတမ်းဖြင့် ၁၂.၂ ရာခိုင်နှုန်း အား ဓါတ်ငွေ့ထွက်သည့်ခရိုင်သို့လည်းကောင်း၊ ၁၂.၂ ရာခိုင်နှုန်းအား ဓါတ်ငွေ့ထွက်သည့်စီရင်စုအတွင်း အခြားခရိုင်များနှင့် မြို့များအား အညီအမျှဖြင့်လည်းကောင်း၊ ကျန် ၆.၁ ရာခိုင်နှုန်းအား အခြားစီရင်စုများအတွက် လည်းကောင်း ခွဲဝေပေးကြောင်း၊ အခြား ရွှေ၊ ကျောက်မီးသွေးတို့အတွက်လည်း မြေငှားရမ်းခ၌ ဗဟိုအစိုးရ (၂၀ %)၊ စီရင်စု (၁၆%)၊ ခရိုင်/မြို့များ (၆၄%) Royalty ၌ ဗဟိုအစိုးရ (၂၀%)၊ စီရင်စု (၁၆%)၊ ထုတ်လုပ်သူ (၃၂%)၊ အခြား ခရိုင်/မြို့များ (၃၂%) စသဖြင့် ခွဲဝေပေးကြောင်း စသဖြင့် တင်ပြခဲ့သည်။

၄။ ထို့နောက် အင်ဒိုနီးရှားအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (KPK) နှင့်တွေ့ဆုံခဲ့ရာတွင် ၎င်းအဖွဲ့အစည်းသည် ၂၀၀၃ ခုနှစ်စတင်ဖွဲ့စည်းခဲ့ပြီး ကော်မရှင်နာ (၅) ဦးမှ ဦးဆောင်ကြောင်း၊ ဝန်ထမ်းပေါင်း ၁၅၀၀ ခန့်ရှိပြီး နည်းပညာ၊ စုံစမ်းစစ်ဆေးရေး၊ တရားရေး စသဖြင့် ခွဲခြားထားပြီး အခြားအစိုးရဝန်ထမ်းများထက် လစာ ၃ ဆ ခန့် ရရှိကြကြောင်း၊ အဓိကအားဖြင့် KPK မှ Beneficial Ownership Plan အားချမှတ်ထားကြောင်း၊ ၂၀၁၀ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံတော်သမ္မတရုံးမှ ဥပဒေကဲ့သို့ အာဏာ

တည်သည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း၊ ၂၀၁၈ ခုနှစ်တွင် အမျိုးသားအဆင့် အဂတိကြိုတင်ကာကွယ်ရေးမဟာဗျူဟာနှင့် ငွေကြေးခဝါချမှုများတွက် သမ္မတရုံး အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့သည်ကို သိရှိရကြောင်း၊ KPK အနေဖြင့် ၂၀၀၄ မှ ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံအတွင်း အဂတိလိုက်စားမှုအတွက် နိုင်ငံအကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရဲချုပ်များ၊ သံအမတ်များ၊ လုပ်ငန်းရှင်များ၊ ရွေးကောက်ပွဲကော်မရှင်နာများအား အရေးယူထားသည်ကို တွေ့ရှိရကြောင်း တင်ပြခဲ့သည်။

၅။ အင်ဒိုနီးရှား EITI MSG နှင့်တွေ့ဆုံခဲ့ရာ၌ IEITI အနေဖြင့် ၂၀၁၀ ခုနှစ် သမ္မတအမိန့်ကြော်ငြာစာအရ သမ္မတထံသို့ တိုက်ရိုက်အစီရင်ခံနိုင်ကြောင်း၊ BO အတွက် သမ္မတအမိန့်စာအပြင် ဝန်ကြီးဌာနညွှန်ကြားချက်များဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ် IEITI အစီရင်ခံစာတွင် ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ လုပ်ငန်းလည်ပတ်ရန်အတွက်ဘတ်ဂျက်အား ၂၀၁၃-၂၀၁၅ ခုနှစ်အထိ Multi-donor trust fund (MDTF WB) မှလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ MDTF နှင့် အစိုးရဘတ်ဂျက်မှလည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ လက်ရှိအထိ အစိုးရဘတ်ဂျက်ဖြင့်လည်းကောင်း ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း တင်ပြခဲ့သည်။

၆။ ၎င်းမှဆက်လက်၍ ယူဆချက်များနှင့် အကြံပြုချက်များအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ကောင်းမွန်သောအစီအမံမရှိဘဲ ဗဟိုချုပ်ကိုင်မှုအား မြန်ဆန်စွာလျှော့ချခဲ့ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ ဒေသအစိုးရများနှင့် စီးပွားရေးသမားအကြား အဂတိကိစ္စရပ်များ ပိုမိုအဖြစ်များခဲ့ကြောင်း၊ သတ္တုအလွန်အကျွံတူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှုများရှိခဲ့ကြောင်း၊ ဒေသခံများအတွက်မူ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေပိုမိုတိုးပွားခဲ့ကြောင်း၊ ဒေသန္တရစက်ရုံများ အလွန်အကျွံများလာခဲ့ကြောင်း၊ တရားမဝင်တူးဖော်မှုများဖြစ်စေရန် ပိုမိုအားပေးသကဲ့သို့ဖြစ်ခဲ့ကြောင်း၊ Monitoring System များ အားနည်းသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချမည်ဆိုပါက ပြည်နယ်/တိုင်းများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ လိုအပ်သည့်သုတေသနပြုမှုများ ပြုလုပ်ထားခြင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းအား တစ်ဆင့်ချင်းစီ ဆောင်ရွက်သွားခြင်း ကြီးကြပ်ဆောင်ရွက်မှု စနစ်များအား ကြိုတင်အလေးထားဆောင်ရွက်ခြင်း၊ မူဝါဒပြုသူများနှင့် အကောင်အထည်ဖော်နေသည့် ယူနစ်များမှ ဝန်ထမ်းများအား အခြားနိုင်ငံများ၏ အတွေ့အကြုံများအား မျှဝေခြင်း စသည်တို့ ပြုလုပ်နိုင်ရန် အကြံပြုပါကြောင်းတင်ပြခဲ့သည်။

၇။ ထို့နောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌမှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့မှ အင်ဒိုနီးရှား အတွေ့အကြုံများနှင့်ပတ်သက်၍ မိမိအနေဖြင့် စိတ်ဝင်စားကြောင်း၊ အဆိုပါခရီးစဉ်၏ အစီရင်ခံစာအား အကွဲကွဲအပြားပြားဖြင့် မဟုတ်ဘဲ တစ်ခုတည်းဖြစ်အောင် ပြုစုရန် တင်ပြစေချင်ကြောင်း၊ ခရီးစဉ်မှ

အကျိုးရှိသည့်ရလဒ်များ ရရှိမည်ဟု မျှော်လင့်ကြောင်း လမ်းညွှန်ဆွေးနွေးခဲ့သည်။ ထို့နောက် NRGI မှ တာဝန်ရှိသူကလည်း မိမိအနေဖြင့်လည်း ခရီးစဉ်သွားရောက်ခဲ့သည်မှာ အချည်းနှီးမဖြစ်စေရန်အတွက် နောက်ဆက်တွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် အကြံပြုပါကြောင်း၊ ဥပမာအားဖြင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်၍ Knowledge Sharing Workshop ပုံစံမျိုး ကျင်းပစေချင်ကြောင်း တင်ပြခဲ့သည်။ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးကလည်း မိမိအနေဖြင့်လည်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ သေချာစွာ ဆွေးနွေးစေလိုကြောင်း၊ ထို့အတွက် ရန်ပုံငွေအား MATA မှ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း လည်း အဆိုပြုဆွေးနွေးခဲ့သည်။ ထို့နောက် **Mining Decentralization Briefing Workshop တစ်ခုအား NRGI နှင့် ပူးပေါင်းကျင်းပရန်၊ စက်တင်ဘာလ ဒုတိယအပတ်တွင် ကျင်းပရန်နှင့် ကုန်ကျစရိတ်နှင့်ပတ်သက်၍ MATA မှ တာဝန်ယူ ဆောင်ရွက်ရန်** ဆုံးဖြတ်ခဲ့သည်။

## ၁၄။ အထွေထွေဆက်လက်ဆွေးနွေးခြင်း

၁။ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးက မိမိတို့ MATA အနေဖြင့် လွှတ်တော်တွင် ဆွေးနွေးနေသည့် အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်းအား သုံးသပ်ထားကြောင်း၊ အမျိုးသား မှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်းအား MATA မှ သုံးသပ်၍ သုံးပွင့်ဆောင်ညွန့်ပေါင်းအဖွဲ့သို့ တင်ပြမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး ကိုယ်စားလှယ်များကလည်း တင်ပြရန် သဘောတူခဲ့သည်။

၂။ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးကလည်း Legal Review ToR နှင့်ပတ်သက်၍ မည်သည့်အတိုင်းအတာအထိ ရောက်ရှိနေသည်ကို မေးမြန်းရာ၌ နည်းပညာကျွမ်းကျင်သူက အဆိုပါ ToR အား လွန်ခဲ့သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ကတည်းက ဆွေးနွေးလာခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးခဲ့ရပြီး ၂၀၁၉ ခုနှစ်၊ မတ်လတွင် ရွှေနန်းချုပ်ရုံးမှ ညွှန်ကြားရေးမှူးပါဝင်၍ NCS ရုံးတွင် ဆွေးနွေးခဲ့ကြောင်း၊ ထို့နောက် MSG မှ နှစ်ပတ် အချိန်ယူ၍ အတည်ပြုရန် ဖြန့်ဝေခဲ့ကြောင်း တင်ပြခဲ့သည်။ ထို့နောက် MATA မှ ToR အား အချောသတ်ရာတွင် ကူညီမည်ဟု ကမ်းလှမ်းခဲ့ပြီး MSG မှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

၃။ ထို့နောက် NCS ၏ စီမံကိန်းမန်နေဂျာ ခန့်အပ်မှုနှင့်စပ်လျဉ်း၍ ရရှိခဲ့သည့် လျှောက်လွှာများ အနက်မှ သင့်တော်သူများအား MSG Member များနှင့် တွေ့ဆုံမှုပြုခဲ့ကြောင်း၊ သို့သော် နောက်ဆုံး ရွေးချယ်ရန် အတွက် ဆုံးဖြတ်ပေးရန် လိုအပ်နေကြောင်း National Coordinator မှတင်ပြရာ၌ အရပ်ဘက် ကိုယ်စားလှယ်များက မိမိတို့အနေဖြင့် NCS အား အဆိုပါအတိုင်းအတာအထိ ဝင်ရောက် မစွက်ဖက်လိုကြောင်း၊ NCS ဝန်ထမ်းများအား ခန့်အပ်ရာတွင် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ( National

Coordinator) မှ တာဝန်ယူဆောင်ရွက်ရန် တိုက်တွန်းကြောင်း ဆွေးနွေးခဲ့ပြီး ကိုယ်စားလှယ်အားလုံးမှ သဘောတူခဲ့သည်။

## ၁၅။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းမှ နိဂုံးချုပ်စကားပြောကြားခြင်း

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌမှ နိဂုံးချုပ်စကားပြောကြားရာ၌ အင်ဒိုနီးရှားခရီးစဉ်နှင့်ပတ်သက်၍ ငွေကြေးကုန်ကျခံ၍ သွားရောက်ခဲ့သည့် ခရီးတစ်ခုဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံမှလည်း လှိုက်လှိုက်လှဲလှဲဖြင့် ကူညီခဲ့သည့်အတွက် လေ့လာခွင့်ရခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အတူ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အနေဖြင့် ခရီးစဉ်မှ တွေ့ရှိချက်အစီရင်ခံစာအား ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသည့်အပြင် တွေ့ရှိချက်များ၊ သုံးသပ်ချက်များ၊ မိမိနိုင်ငံအတွက် သုံးသပ်ချက်များ ပါဝင်သည့်အပြင် EITI အတွက် Physical Decentralization အား ရှုထောင့်တစ်ခုဖြင့် အခြေခံ၍ သုံးသပ်စေလိုကြောင်း၊ ရှေ့လုပ်ငန်းစဉ်အတွက်လည်း အကြံပြုပေးစေချင်ကြောင်း၊ ထို့နောက် International EITI မှလည်း သက်ဆိုင်ရာဌာနများ၊ Constituency များနှင့်လိုက်လံတွေ့ဆုံ၍ Validation ကိစ္စရပ်များအား ရှင်းလင်းခဲ့သည်ကို တွေ့ရပြီး မြန်မာနိုင်ငံအတွက် အပေါင်းလက္ခဏာဆောင်သည့်အခြေအနေများအား တွေ့ရကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်များကလည်း ရှေ့လာမည့်လုပ်ငန်းခွဲကော်မတီ၊ MSG နှင့် အလုပ်ရုံ ဆွေးနွေးပွဲများအား တက်တက်ကြွကြွဆက်လက်ပါဝင်ပေးရန် ပြောကြားရင်း နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

## (၂၃) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ

**၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်** **Horizon Lake View Resort ၊ နေပြည်တော်**

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်အချိန် | တာဝန်ရှိသူ |
|---|---|---|---|
| ၁ | (၅) ကြိမ်မြောက် MEITI အစီရင်ခံစာအား ပြုစုရေးသားမည့် IA ငှားရမ်းသည့်လုပ်ငန်းစဉ်အရ Technical နှင့် Financial Proposal များ သုံးသပ်ရွေးချယ်နိုင်ရန်အတွက် Selection Sub-committee အစည်းအဝေးအား (၂၄-၈-၂၀၁၉) ရက်နေ့ မနက်ပိုင်းတွင် ကျင်းပ ရန်နှင့် | | |

| | | | |
|---|---|---|---|
| | ရေရှည်လုပ်ငန်းအစီအစဉ် ( Long Term Work Plan) နှင့် EITI Implementation Structure အပါအဝင် MEITI Work Plan အား အသေးစိတ်ဆွေးနွေးနိုင်ရန် Work Plan and Governance Sub-committee အစည်းအဝေးအား (၂၄-၈-၂၀၁၉) ရက်နေ့ နေ့လည်ပိုင်းတွင် ကျင်းပရန် သဘောတူသည်။ | | |
| ၂ | (၄) ကြိမ်မြောက် MEITI အစီရင်ခံစာအား<br>• မြန်မာဘာသာပြန်ဆိုကာထုတ်ဝေရန်<br>• အနှစ်ချုပ်အစီရင်ခံစာအား မြန်မာဘာသာဖြင့်ထုတ်ဝေရန်<br>• English ဘာသာဖြင့် ထုတ်ဝေရန်<br>• ယင်းကုန်ကျစရိတ်အတွက် MEITI Work Plan မှ ကျခံသုံးစွဲ ရန် သဘောတူသည်။ | | |
| ၃ | EITI Standard အား<br>• မြန်မာဘာသာပြန်ဆို၍ ထုတ်ဝေရန်<br>• English ဘာသာဖြင့် ထုတ်ဝေရန်<br>• ယင်းကုန်ကျစရိတ်အတွက် MEITI Work Plan မှ ကျခံသုံးစွဲရန် သဘောတူသည်။ | | |
| ၄ | (၄) ကြိမ်မြောက်အစီရင်ခံစာထုတ်ပြန်ကြေညာနိုင်ရန်အတွက် အခမ်းအနားများ အသေးစိတ်အား ဆွေးနွေးနိုင်ရန် Communication and Outreach Sub-committee အား (၂၃.၈.၂၀၁၉) ရက်နေ့တွင် ကျင်းပရန် သဘောတူသည်။<br>• မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်များတွင် ယခုနှစ်အတွင်း SNU ဦးစားပေးဖွဲ့စည်းရန်အတွက် ဆွေးနွေးရန် | | |
| ၅ | Mining Decentralization Briefing Workshop တစ်ခုအား NRGI နှင့် ပူးပေါင်းကျင်းပရန် သဘောတူသည်။<br>• စက်တင်ဘာလ ဒုတိယအပတ်တွင် ကျင်းပရန်<br>• ကုန်ကျစရိတ်နှင့်ပတ်သက်၍ MATA မှ တာဝန်ယူဆောင်ရွက်မည်။ | | |
| ၆ | အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်းအား MATA မှ သုံးသပ်၍ သုံးပွင့်ဆောင်ညွှန့်ပေါင်းအဖွဲ့သို့ တင်ပြမည်။ | | |
| ၇ | Legal Review ToR နှင့်ပတ်သက်၍ ဆွေးနွေးရာတွင် MATA မှ ToR အား အချောသတ်ရာတွင် ကူညီမည်။ | | |

| | | | |
|---|---|---|---|
| ၈ | NCS ဝန်ထမ်းများအား ခန့်အပ်ရာတွင် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ( National Coordinator) မှ တာဝန်ယူဆောင်ရွက်ရန် | | |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

နောက်ဆက်တွဲ (၁)

**(၂၃) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးအစီအစဉ်**

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့ Horizon Lake View Resort ၊ နေပြည်တော်

| အချိန် | အကြောင်းအရာ | တင်ပြမည့်သူ |
|---|---|---|
| ၈း၃၀ - ၉း၀၀ နာရီ | တက်ရောက်သူများမှ အမည်စာရင်းပေးသွင်းခြင်း | |
| ၉း၀၀ - ၉း၀၅ နာရီ | အဖွင့်အမှာစကားပြောကြားခြင်း | MSG ဥက္ကဋ္ဌ |
| ၉း၀၅ - ၉း၁၀ နာရီ | ကြိုဆိုနှုတ်ဆက်အမှာစကားပြောကြားခြင်း | မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး |
| ၉း၁၀ - ၉း၂၀ နာရီ | အမှုဆောင်ဒါရိုက်တာ Mr. Mark Robinson မှ နှုတ်ခွန်း ဆက်စကားပြောကြားခြင်း | နိုင်ငံတကာ EITI အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာ |
| ၉း၂၀ - ၉း၃၀ နာရီ | မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခြင်း | |
| ၉း၃၀ - ၁၀း၀၀ နာရီ | • လက်ရှိ Validation အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခြင်း<br>• အမေးအဖြေကဏ္ဍ | နိုင်ငံတကာ EITI အတွင်းရေးမှူးရုံး |
| ၁၀း၀၀ - ၁၀း၁၅ နာရီ | လက်ဖက်ရည်သောက်နားခြင်း | |
| ၁၀း၁၅ - ၁၁း၁၀ နာရီ | • ၂၀၁၉ EITI စံနှုန်း၊ စာချုပ်စာတမ်းများ ပွင့်လင်းမြင်သာမှု၊ Project-level Reporting အား ရှင်းလင်းတင်ပြခြင်း<br>• အမေးအဖြေကဏ္ဍ<br>• ရှေ့မြန်မာနိုင်ငံ EITI လုပ်ငန်းစဥ်များနှင့် စွမ်းရည်မြှင့်တင်ခြင်းများတွင် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ ရှေ့ဆက်ပံ့ပိုးနိုင်မှုများအား ရှင်းလင်းတင်ပြခြင်း<br>• အမေးအဖြေကဏ္ဍ | နိုင်ငံတကာ EITI အတွင်းရေးမှူးရုံး |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

| | | |
|---|---|---|
| ၁၁း၁၀ - ၁၂း၀၀ နာရီ | အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းစဥ် (Beneficial Ownership – BO) ၏ နောက်ဆုံးအခြေအနေများအား ရှင်းလင်း တင်ပြခြင်း<br>• နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာ အခြေအနေအား ရှင်းလင်းတင်ပြခြင်း<br>• သက်ဆိုင်ရာအစိုးရဌာနများနှင့် တွေ့ဆုံမှုများ၊ (၆) ကြိမ်မြောက် BO Task Force အစည်းအဝေး မှ ဆုံးဖြတ်ချက်များအား ရှင်းလင်း တင်ပြခြင်း<br>• ရှေ့ဆက်ဆောင်ရွက်မည့် အလုပ်ရုံဆွေးနွေးပွဲများ၊ BO Template နှင့် ရှေ့လုပ်ငန်းစဥ်များအား ရှင်းလင်းတင်ပြခြင်း<br>• အမေးအဖြေကဏ္ဍ | DICA နှင့် NCS |
| ၁၂း၀၀ - ၁၃း၀၀ နာရီ | နေ့လည်စာ သုံးဆောင်ခြင်း | |
| ၁၃း၀၀ - ၁၃း၁၅ နာရီ | (၂၂) ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက် အကောင်အထည်ဖော်ဆောင်မှုအား ရှင်းလင်းတင်ပြခြင်း | NCS |
| ၁၃း၁၅- ၁၃း၅၀ နာရီ | MEITI Work Plan Review Workshop ရလဒ်နှင့် MEITI Work Plan (မူကြမ်း) အား ရှင်းလင်းတင်ပြခြင်း<br>• Grant Cost Extension အားရှင်းလင်းတင်ပြခြင်း<br>• ရေရှည်လုပ်ငန်းအစီအစဥ်<br>• MEITI Work Plan တွင်ထည့်သွင်းထားသည့် Validation လုပ်ငန်းစဥ်မှ ပြင်ဆင်ဆောင်ရွက်ရမည့် Corrective Action များအား ရှင်းလင်း တင်ပြခြင်း | MOBD နှင့် NCS |

| | | |
|---|---|---|
| ၁၃:၅၀ - ၁၄:၃၀ နာရီ | နောင် MEITI အစီရင်ခံစာများနှင့်ပတ်သက်သည့် အခြေအနေများအား ရှင်းလင်းတင်ပြခြင်း<br>• (၅) ကြိမ်မြောက် MEITI အစီရင်ခံစာ ပြုစုမည့် Independent Administrator (IA) ငှားရမ်းခြင်း အခြေအနေအား ရှင်းလင်းတင်ပြခြင်း<br>• (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက် အစီရင်ခံစာများ တင်သွင်းရမည့် အချိန်ကာလများအား ရှင်းလင်းတင်ပြခြင်း | MOBD နှင့် NCS |
| ၁၄:၃၀ - ၁၄:၄၅ နာရီ | လက်ဖက်ရည်သောက်နားခြင်း | |
| ၁၄:၄၅ - ၁၅:၀၀ နာရီ | ယာယီ (၄) ကြိမ်မြောက် MEITI အစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားအစီအစဉ်အား ရှင်းလင်း တင်ပြခြင်း | NCS |
| ၁၅:၀၀ - ၁၅:၃၀ နာရီ | အထွေထွေ<br>- Exposure to Mining Decentralization Indonesia Trip အတွေ့အကြုံများအား ရှင်းလင်း တင်ပြခြင်း<br>- မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအား ဆက်လက် အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းခွဲကော်မတီကျင်းပမည့်ရက်များ အား သတ်မှတ်ခြင်း | NCS |
| ၁၅:၃၀ - ၁၅:၄၅ နာရီ | အစည်းအဝေးဆုံးဖြတ်ချက်များအား ပြန်လည် အတည်ပြုခြင်း | |
| ၁၅:၄၅ - ၁၆:၀၀ နာရီ | နိဂုံးချုပ် စကားပြောကြားခြင်း | MSG ဒုတိယဥက္ကဋ္ဌ |

နောက်ဆက်တွဲ (၂) (၂၃) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေး တက်ရောက်သူစာရင်း (ကျား - ၄၆ ဦး၊ မ - ၂၂ ဦး၊ စုစုပေါင်း - ၆၈ ဦး)

| စဉ် | အမည် | ဌာန/အဖွဲ့အစည်း | တာဝန် |
|---|---|---|---|
| အထူးဖိတ်ကြားသည့်ဧည့်သည်တော်များ | | | |
| ၁ | Mr. Mark Robison | International secretariat | Executive Director |
| ၂ | Ms. Gay Ordenes | International secretariat | Asia Director |
| ၃ | Ms. Annie Magnus | International secretariat | Country Officer |
| ၄ | Mr. Matthieu Salomon | NRGI | Governance Officer |
| Chair Persons | | | |
| ၅ | ဦးမောင်မောင်ဝင်း | ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၆ | ဦးခင်လတ်ကြီး | ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်း ဦးစီးဌာန | ဒုတိယ-ဥက္ကဋ္ဌ |
| အစိုးရကဏ္ဍ ကိုယ်စားလှယ်များ | | | |
| ၇ | ဒေါ်မီမီဝင်း | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး |
| ၈ | ဦးကျော်ဥာဏ်ထွန်း | မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း | ညွှန်ကြားရေးမှူး |
| ၉ | ဒေါ်လှလှကျိန် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူး |
| ၁၀ | ဦးကျော်သက် | သတ္တုတွင်းဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူးချုပ် |
| ၁၁ | ဦးမင်းသူ | မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အထွေထွေမန်နေဂျာ |
| ၁၂ | ဒေါ်မူမူစော | ပြည်တွင်းအခွန်များဦးစီးဌာန | ညွှန်ကြားရေးမှူး |
| ၁၃ | ဦးစိုးရီ | မြန်မာ့သစ်လုပ်ငန်း | လ/ထ အထွေထွေမန်နေဂျာ |
| လုပ်ငန်းရှင်ကိုယ်စားလှယ်များ | | | |
| ၁၄ | ဦးကျော်လင်း | မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ် | အတွင်းရေးမှူး |
| ၁၅ | ဦးကျော်ထက်စိုး | Myanmar Yangse Copper Co. Ltd | |
| ၁၆ | ဦးဇော်ဘိုခန့် | မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း | ဒုတိယ-ဥက္ကဋ္ဌ |
| ၁၇ | ဦးဝင်းတင် | Total E&P Myanmar | Head of PSC and Contractual support |

| | | | |
|---|---|---|---|
| | | | (အရန်ကိုယ်စားလှယ်) |
| ၁၈ | ဦးမျိုးဇော်ဦး | MPRL Exp | Director for Government & Public Affairs |
| အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များ | | | |
| ၁၉ | ဦးဝင်းမျိုးသူ | MATA | ကိုယ်စားလှယ် |
| ၂၀ | ဒေါ်မိုးမိုးထွန်း | MATA | ကိုယ်စားလှယ် |
| ၂၁ | ဦးသန့်ဇင် | MATA | ကိုယ်စားလှယ် |
| ၂၂ | ဦးရဲလင်းမြင့် | MATA | ကိုယ်စားလှယ် (ကိုယ်စား) |
| ၂၃ | ဦးနိုင်လင်းထွဋ် | MATA | ကိုယ်စားလှယ် |
| တိုင်း/ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) ကိုယ်စားလှယ်များ | | | |
| ၂၄ | ဦးသန်းထွဋ် | တနင်္သာရီ SNU | လုပ်ငန်းရှင်ကိုယ်စားလှယ် |
| ၂၅ | ဦးငွေလင်း | စစ်ကိုင်း SNU (MATA) | အရပ်ဘက်ကိုယ်စားလှယ် |
| ၂၆ | ဦးဇော်ဇော်လင်း | | အစိုးရကိုယ်စားလှယ် |
| ၂၇ | ဦးအောင်နိုင် | စစ်ကိုင်း SNU | အစိုးရကိုယ်စားလှယ် |
| ၂၈ | ဦးမိုးဆွေ | မန္တလေး SNU | အစိုးရကိုယ်စားလှယ် |
| ၂၉ | ဦးသန့်ဇင်ဦး | စစ်ကိုင်း SNU | လုပ်ငန်းရှင်ကိုယ်စားလှယ် |
| ၃၀ | ဒေါ်လွင်လွင်အောင် | မကွေး SNU | လုပ်ငန်းရှင်ကိုယ်စားလှယ် |
| ၃၁ | ဦးကျော်သူရိန်အောင် | မကွေး SNU (MATA) | အရပ်ဘက်ကိုယ်စားလှယ် |
| MOBD နှင့် ဌာနဆိုင်ရာများ | | | |
| ၃၂ | ဒေါ်ခင်ခင်လွင် | MOBD | ညွှန်ကြားရေးမှူး |
| ၃၃ | ဒေါ်သွယ်သွယ်ထွန်း | MOBD | ဒု-ညွှန်ကြားရေးမှူး |
| ၃၄ | ဒေါ်ဖြူဖြူသန့် | MOBD | လ/ထ ညွှန်ကြားရေးမှူး |
| ၃၅ | ဒေါ်ရွှေရည်ဝင်း | MOBD | ဦးစီးအရာရှိ |
| ၃၆ | ဒေါ်ခင်ပပလွင် | | လ/ထ ဦးစီးအရာရှိ |
| ၃၇ | ဦးမျိုးမင်း | DICA | ညွှန်ကြားရေးမှူး |
| ၃၈ | ဦးဇော်ပိုင် | DICA | ဦးစီးအရာရှိ |
| ၃၉ | ဦးအောင်ကိုကိုလင်း | GAD | ဦးစီးအရာရှိ |
| ၄၀ | ဒေါ်ဆွေဆွေဦး | IRD | လ/ထ ညွှန်ကြားရေးမှူး |
| ၄၁ | ဒေါ်မြတ်သိင်္ဂီ | IRD | ဦးစီးအရာရှိ |
| ၄၂ | ဦးကျော်ဇောထွန်း | DOM | လ/ထ ညွှန်ကြားရေးမှူး |

| | | | |
|---|---|---|---|
| မိတ်ဖက်အဖွဲ့အစည်းများနှင့်လေ့လာသူများ | | | |
| ၄၃ | ဦးမျိုးမင်းသန့် | MATA | Program Coordinator |
| ၄၄ | ဒေါ်နှင်းထက်ထက်အောင် | NPA | Program Officer |
| ၄၅ | July Seng Htun | MATA | Program Manager |
| ၄၆ | ဦးထူးအောင် | MATA | Program Coordinator |
| ၄၇ | ဦးကျော်မင်းထွန်း | MIJ | Manager |
| ၄၈ | ဦးကြူလေး | KMPC | AGM |
| ၄၉ | ဦးတိုးလွင် | MEHL | AGM |
| ၅၀ | ဦးသိန်းစိုးဦး | MEHL | AGM |
| ၅၁ | ဒေါ်သင်ဇာထွန်း | World Bank | Consultant |
| ၅၂ | ဒေါ်ခင်စောဌေး | Forest Trend | Policy Analyst |
| ၅၃ | ဒေါ်အေးကြည်သာဆွေ | NRGI | Senior Myanmar Officer |
| ၅၄ | ဦးကိုကိုလွင် | NRGI | |
| ညှိနှိုင်းရေးမှူးရုံး (NCS) | | | |
| ၅၅ | ဦးစိုးဝင်း | NCS | National Coordinator |
| ၅၆ | ဦးအောင်ခိုင် | NCS | Policy Development and Technical Advisor |
| ၅၇ | ဒေါ်ဇင်မာမြိုင် | NCS | Technical Advisor |
| ၅၈ | ဦးထွန်းပေါ်ဦး | NCS | Technical Specialist |
| ၅၉ | ဦးနေမင်းမောင် | NCS | Technical Coordinator |
| ၆၀ | ဒေါ်အေးချမ်းဝေ | NCS | Technical Officer |
| ၆၁ | ဦးစိုးသီဟနိုင် | NCS | Admin Officer |
| ၆၂ | ဒေါ်ထက်နန္ဒာအောင် | NCS | Senior C&O Officer |
| ၆၃ | ဦးကျော်သင်းမောင် | NCS | Program Assistant |
| ၆၄ | ဦးတက်ထွန်းဆိုင် | NCS | Admin Assistant |
| ၆၅ | ဦးဇင်ကိုကိုအောင် | NCS | C&O |
| ၆၆ | ဦးမောင်မောင်မြင့်လွင် | NCS | IT Officer |
| ၆၇ | ဦးသန့်မြဝင်း | NCS | Intern |
| ၆၈ | ဦးမြတ်မင်းသူရ | NCS | Intern |